ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 6 April 2023 ၁၁၀၆၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်သံကြားစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## နိုင်ငံတော်က အားထားရပြီး ပြည်သူက အားကိုးယုံကြည်ရသည့် မီဒီယာတစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြရမည်

နေပြည်တော် ဧပြီ ၅

၁၉၉၅ ခုနှစ် မတ် ၂၇ ရက် နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**မော်ကွန်းအသစ် ထုဆစ်ခဲ့ပြီ အောင်စစ်သည်**

ဆောင်းပါး

စာမျက်နှာ » ၆



**ယနေ့ ဖတ်စရာ**

**နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်း (အရာထမ်း)များ၏ လစာငွေများကို ATM စက်များမှ ထုတ်ယူနိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၉

**“ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူခြင်း”အတွက် အသိပေး ကြေညာချက်**

စာမျက်နှာ » ၁၈

ကြေးမုံ

# သဘာဝရေအရင်းအမြစ်များကို စနစ်တကျထိရောက်စွာအသုံးချ

မြန်မာနိုင်ငံသည် သဘာဝရေအရင်းအမြစ်များ ပေါများကြွယ်ဝသောနိုင်ငံဖြစ်သည်။ သဘာဝမြစ်ချောင်းအင်းအိုင်နှင့် ရေထွက်များ ပေါများသည်။ နှစ်စဉ်ရေအရင်းအမြစ်များမှ ရေကောင်းရေသန့်များ ရရှိနိုင်သည့်ပမာဏသည် အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံပြီးပါက အရင်းအမြစ် ဒုတိယအပေါများဆုံးနိုင်ငံဖြစ်သည်။ ၂၀၁၁ ခုနှစ် မှတ်တမ်းများအရ အာရှတိုက်တွင် တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံပြီးလျှင် ပဉ္စမမြောက်အရင်းအမြစ်ပေါများသည့်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင် မြစ်ကြီးလေးသွယ်အပါအဝင် မြစ်ချောင်းကွန်ရက်များမှ တစ်ဆင့် နှစ်စဉ်ရေချိုကေပေသန်း ၈၀၀ ကျော် စီးဆင်းလျက်ရှိသော်လည်း စီးဆင်းလျက်ရှိသည့် ရေချိုပမာဏ၏ ငါးရာခိုင်နှုန်းခန့်ကိုသာ စိုက်ပျိုးရေ အိမ်သုံးရေနှင့် စက်မှုသုံးရေအဖြစ် သုံးစွဲနိုင်သေးသည်ကို တွေ့ရသည်။ ထို့ကြောင့် ရေအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အလားအလာကောင်းများရှိနေသည်။ ရေချိုအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးနေစေရန်၊ ရေဝေရေလဲဒေသသစ်တောများ ထိန်းသိမ်းရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေးတို့ကို ထိရောက်စွာဆောင်ရွက်သွားရန် အရေးကြီးသည်။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃) အစည်းအဝေးတွင် "ရေသည် အလွန်အဖိုးတန်သည့် အရင်းအမြစ်ဖြစ်ပြီး နောင်လာနောက်သား အဆက်ဆက် လူသားများအပါအဝင် သက်ရှိသတ္တဝါများ ရှိနေသမျှကာလပတ်လုံး ရေရှည်သုံးစွဲသွားကြရမည်ဖြစ်သည့်အတွက် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်း အသုံးပြုသွားကြရန်လိုအပ်ပြီး လူတိုင်းရေရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" တိုက်တွန်းပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်ကြောင့် ကမ္ဘာတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ နွေရာသီတွင် အပူလွန်ကဲစွာ မြင့်တက်ခြင်း၊ အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းများတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့နေရသည်။ ကမ္ဘာတစ်ဝန်းတွင် ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုပြဿနာများနှင့် ကြုံတွေ့နေရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၂ ခုနှစ် လေ့လာမှုများအရ နှစ်စဉ် လူ ၁ ဒသမ ၄ သန်းသည် မသန့်ရှင်းသောရေကြောင့် ဖြစ်ပေါ်ရသည့်ရောဂါများနှင့် သေဆုံးနေကြရပြီး လူဦးရေ ၇၄ သန်းခန့်သည် တဖြည်းဖြည်းနှင့် သက်တမ်းတိုတောင်းလာကြောင်း တွေ့ရှိထားသည်။ ၂၀၁၁ ခုနှစ် စာရင်းအရ ကမ္ဘာအနှံ့အပြားတွင် လူသန်း ၂၀၀၀ ခန့်သည် ဘေးကင်းစိတ်ချရသည့် သောက်သုံးရေ မရရှိသေးပေ။ ကမ္ဘာ့လူဦးရေတစ်ဝက်ခန့်သည် သန့်ရှင်းသည့် မိလ္လာစနစ်မရှိသေးဟု ဖော်ပြထားသည်။ ထို့ကြောင့် အလွန်အရေးပါသည့် သန့်ရှင်းသောရေဖြည့်ဆည်းပေးရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီကိုဖွဲ့စည်းထားပြီး ကော်မတီအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်မူဝါဒများချမှတ်ရေး၊ မြို့ပြနှင့် ကျေးလက်များတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ စက်မှုလုပ်ငန်းများအတွက် သုံးစွဲရန်လိုအပ်သည့် ရေချိုရရှိရေး၊ မြစ်ချောင်းများအတွင်း အမှိုက်စွန့်ပစ်မှုမရှိစေရေး၊ မြစ်ချောင်းများအတွင်း စီးဝင်မည့်စွန့်ပစ်ရေများကို စနစ်တကျသန့်စင်ပြုပြင်ပြီးမှသာ စွန့်ပစ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်ကြိုးပမ်းလျက်ရှိသည်။ ရေအရင်းအမြစ်များရှိသော်လည်း စနစ်တကျအသုံးပြုလုပ်ဆောင်ခြင်းမရှိသောကြောင့် ရေရှိသော်လည်း အချည်းနှီးအကျိုးမဲ့ဖြစ်စေသည်။ အကျိုးပြုသောရေအရင်းအမြစ်များ လျော့နည်းလာသည်။ လူသတ္တဝါများကို အကျိုးမပြုဘဲ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာသည်။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များပေါများသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ ဒေသအချို့တွင် ရေအခက်အခဲများရှိနေသေးသည်။ ရေအခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်နှင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်ရန် ရေသည်အခြေခံကျသည့် အရေးကြီးသောကဏ္ဍဖြစ်သည်။ ထို့ကြောင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိစေမည့် ရေကဏ္ဍဖွံ့ဖြိုးစေရေး၊ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုများ စနစ်တကျ လုပ်ဆောင်စေရေး၊ နိုင်ငံတကာနှင့် ရေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးတို့အတွက် ရှေ့သို့ဆက်လက်ဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲက တိုက်တွန်းထားသည်။

သို့ဖြစ်ရာ ရေအရင်းအမြစ်များ ပေါများကြွယ်ဝသည့် မြန်မာနိုင်ငံအနေဖြင့် ပြည်သူများနှင့် သက်ရှိသတ္တဝါမျိုးစိတ်များအားလုံး ရှင်သန်ဖွံ့ဖြိုးရေးအတွက် ရှိရင်းစွဲရေအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်၍ စနစ်တကျစီမံခန့်ခွဲပြီး အကျိုးရှိစွာအသုံးပြုရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း




ဘားအံ မေ ၅

နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စခက်ခဲပင်ပန်းမှုမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန လှိုင်းဘွဲမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသန်းချစ်နှင့် ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့ အောက်ပိုင်ကျုံ ပရဟိတဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒလမြို့နယ် သမိုင်းဝင်ကျိုက်ခနုတ်ဆံတော်ရှင် စေတီတော်မြတ်ကြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူ

ဒလ မေ ၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သမိုင်းဝင် ကျိုက်ခနုတ်ဆံတော်ရှင် စေတီတော်မြတ်ကြီးတွင် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ကျိုက်ခနုတ်စေတီတော် ရင်ပြင်တော်၌ ကျင်းပသည်။

**ဆက်ကပ်လောင်းလှူ**

အခမ်းအနားတွင် ကျိုက်ခနုတ်စေတီတော် ရင်ပြင်တော်စုရပ်မှစတင်၍ မြတ်စွာဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့က စေတီတော်ရင်ပြင်တော်တစ်လျှောက် ဆွမ်းဆန်စိမ်းများကို ခံယူတော်မူကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘာသာရေးအကျိုးတော်ဆောင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များက လှူဖွယ်ပစ္စည်းများကို စုပေါင်းလှူဒါန်းခဲ့ကြပြီး ဧည့်သည့်တော်များကို ထမင်း၊ ဟင်းနှင့် အအေးတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅ – ၄ –၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၄၄၆ | ၁,၃၆၀,၃၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၆၆ | ၉၉,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၁၅ | ၃၉,၇၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၉၈.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၂၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၉၆၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၇.၃၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၁၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၃.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၃.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၅.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | | အကြီးတန်း သတင်းထောက်များ | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | သုတေသန | – ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာပြင် | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရရှိသည့် ဗိုလ်ကြီး စိုးမိုးကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ပထမဆုရရှိသည့် ဗိုလ်ကြီး သက်နောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှ

**လှိုက်လှဲနွေးထွေးစွာ ကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပရာ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများက **"အားလုံးအတွက် မြဝတီ"** တေးသီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများဖြစ်ပေါ်လာမှု သမိုင်းကြောင်းနောက်ခံ၊ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက် ရှိသည့် Documentary ဗီဒီယိုကို ပြသသည်။

အဆိုပါ မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နေထိုင်ရာ လူ့ပတ်ဝန်းကျင်သည် နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း သတင်းအချက်အလက်များ သိရှိအောင် ပြုလုပ်ပေးနိုင်ခြင်းသည် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါကြောင်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများသည် အများပြည်သူနှင့် ဆက်ဆံရေး၊ မိမိပတ်ဝန်းကျင် အသိုက်အဝန်းနှင့် ဆက်ဆံရေး အစရှိသည့် ဆက်ဆံရေးအမျိုးမျိုး ပါဝင်ကြပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာ၌လည်း ပြည်သူ့ဆက်ဆံရေး လုပ်ငန်းနယ်ပယ်များအနက် မီဒီယာ ဆက်ဆံရေးကို တွင်ကျယ်စွာ အသုံးချဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိက မဏ္ဍိုင်ကြီးသုံးခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ ဟန်ချက်ညီရန် အရေးကြီးပါကြောင်း၊ မီဒီယာသည် မဏ္ဍိုင်ကြီး သုံးခုကို မယိမ်းမယိုင်စေရေး တည့်မတ်ပေးသည့် မဏ္ဍိုင်တစ်ခုပင်ဖြစ်ပါကြောင်း။

ယနေ့ မိမိတို့နိုင်ငံတွင် ပြည်သူများ၏အသံကို ပီပြင်အောင် ပြုလုပ်နိုင်သည့်အရာသည် မီဒီယာဖြစ်သကဲ့သို့ အစိုးရအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိလာအောင် ဆောင်ရွက်ရာတွင်လည်း မီဒီယာသည် အဓိကပင်ဖြစ်ပါကြောင်း၊ တပ်မတော်နှင့် ပြည်သူတစ်သားတည်းရှိစေပြီး စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် ၁၉၄၇ ခုနှစ်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကို "ပညာရေးဌာနစု" အဖြစ် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် အမည်အဆင့်ဆင့် ပြောင်းလဲခဲ့ပြီး ထိုမှတစ်ဆင့် "ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး" အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ပြည်သူနှင့်တပ်မတော် တစ်သားတည်းဖြစ်ရေးအတွက် "ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်" ဟူသည့် ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ရေး တပ်မတော်မီဒီယာတစ်ခုဖြစ်သည့် မြဝတီရုပ်မြင်သံကြားကို နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့ဆိုပါက ငွေရတုကာလလွန်မြောက်ပြီး (၂၈)နှစ်တာခရီးသို့ပင် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြဝတီ ရုပ်မြင်သံကြားသည် ပြည်သူများကို မှန်ကန်သည့်အသိအမြင်၊ အတွေးအခေါ်ရစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် အမျိုးသားရေးအမြင်ဖြင့် အစဉ်ကြိုးပမ်းထုတ်လွှင့်လျက်ရှိပါကြောင်း၊ တပ်မတော်၏ပဓာနကျသည့်၊ သွက်လက်ထက်မြက်သည့် မီဒီယာတစ်ခုအဖြစ်လည်း ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေနှင့် ပြန်ကြားပေးရန် တာဝန်ကို ထမ်းဆောင်ရာတွင် စတင်ထုတ်လွှင့်ခဲ့ချိန်မှ ယနေ့ကာလအထိ တပ်မတော်သားမိသားစုဝင်များကိုသာမက ပြည်သူလူထုအတွက် သိသင့်သိထိုက်သည့်၊ လူအများသိရှိရန် လိုအပ်သည့် မူဝါဒ၊ သတင်းအချက်အလက်စသည်များကို အချိန်နှင့်တစ်ပြေးညီ

**စာမျက်နှာ ၄ သို့** ☆






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ နှစ်ပတ်လည်နေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၃ မှ

ထုတ်လွှင့်ပေးလျက် ရှိကြောင်း၊ ပညာပေးရေး တာဝန်အနေဖြင့် ပြည်သူလူထုကို တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် တာဝန်ဖြစ်ပြီး အသိပညာပေးရေး တာဝန်၊ ဉာဏ်ပညာ ဗဟုသုတပေးရေး တာဝန် စသည်များကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်း၊ ဖျော်ဖြေရေးတာဝန် ထမ်းဆောင်ပေးမှုအနေဖြင့် ပြည်သူများ အပန်းပြေစေရန် အနုပညာအရုပ်ရုပ်၊ တေးဂီတအဖုံဖုံ၊ အကအခုန် အဆိုအတီး ကဏ္ဍအစုံအလင်ဖြင့် ဖျော်ဖြေမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

စည်းရုံးရန်ဆိုရာတွင် ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားအပေါ်၌ ယုံကြည်ချက်၊ ခံယူချက်ခိုင်မာပြီး စည်းလုံးညီညွတ်မှုရှိအောင် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ စည်းရုံးရေး၏ သဘောဆိုသည်မှာ မိမိ၏ပြောစကားကို တစ်ဖက်လူက ၎င်း၏ဆန္ဒအလျောက် လိုက်ပါလုပ်ဆောင်နိုင်အောင် ပြောဆိုခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး အပေါ်တွင် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံ တစ်ဝန်းလုံး တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(နေပြည်တော်)ကို ၂၀၀၉ ခုနှစ် ဇွန်လ ၁၉ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လ ၂၆ ရက်တွင် မိမိကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှ ယနေ့အထိ တပ်မတော်နှင့် ပြည်သူကို အကောင်းဆုံးပေါင်းကူးပေးနိုင်ခဲ့ကြောင်း။

မြဝတီရုပ်မြင်သံကြား စတင်ထုတ်လွှင့်ချိန်တွင် Analog စနစ်နှင့် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်ကာလနှင့်အညီ အဆင့်မြှင့်တင် ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး Analog စနစ်မှသည် Digital စနစ်၊ Standard Definition(SD)စနစ် ကူးပြောင်းခဲ့ပြီး (၇၅)နှစ်မြောက် စိန်ရတု တပ်မတော်နေ့မှ စတင်ကာ High Definition(HD)စနစ်သို့ပြောင်းလဲ ထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှု လုပ်ငန်းတိုင်းတွင် အခြားသောမီဒီယာလုပ်ငန်းများထက်ပိုပြီး အသေးစိတ်ဆောင်ရွက်ရသည်များ ရှိပါကြောင်း၊ အစီအစဉ်တစ်ခုဖြစ်လာရေး တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ လူသားအရင်းအမြစ်စွမ်းအား၊ အနုပညာနှင့် အတတ်ပညာကို အံဝင်ခွင်ကျ ပေါင်းစပ်လုပ်ကိုင်ရသည့် သဘောရှိသောကြောင့် ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ကြမှသာ ပြည်သူလူထု နှစ်သက်သဘောကျသည့် ရုပ်မြင်သံကြား အစီအစဉ်ကောင်းတစ်ခုဖြစ်လာမည်ပင် ဖြစ်ပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

မြဝတီရုပ်မြင်သံကြားအနေဖြင့် တစ်ခေတ်ပြီးတစ်ခေတ် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုစွမ်းရည်ပြည့်ဝသည့် မီဒီယာကြီးတစ်ခုဖြစ်လာခဲ့ခြင်းသည် ဝန်ထမ်းအားလုံးနှင့် တာဝန်ရှိသူအဆင့်ဆင့်၏ စုပေါင်းကြိုးစားမှုများကြောင့်သာ ဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားဟူသည်မှာ သုတ၊ ရသဖြစ်ဖွယ် သတင်းအချက်အလက်များ၊ အကြောင်းအရာများကို အရုပ်၊ အသံနှင့် ထုတ်လွှင့်ပြသနေခြင်း ဖြစ်ပြီး ကြည့်ရှုသူ ပရိသတ်များ၏ စိတ်ကို ဖမ်းစားနိုင်စွမ်းရှိသည့် မီဒီယာပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ ရေဒီယိုအသံလွှင့်ခြင်းသည် အသံကိုအဓိကထားခြင်းဖြစ်ပြီး ရုပ်မြင်သံကြားသည် အရုပ်ရောအသံပါ အားပြုလုပ်ဆောင်ရသည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပိုမို၍ ဂရုစိုက်ကြရန်လိုပါကြောင်း၊ အသံအနေအထား၊ အမူအရာ၊ ဝတ်စားဆင်ယင်မှု၊ ရုပ်သွင်ပြင် လက္ခဏာကအစ အသေးစိတ်ဂရုပြု၍ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူများ၏စိတ်ကို ဆွဲဆောင်နိုင်စွမ်း၊ တက်ကြွလာအောင် Motivation လုပ်နိုင်စွမ်းသည်လည်း မြင့်မားကြောင်း၊ ပြည်သူအပေါ် အသိပညာဗဟုသုတပေးနိုင်ရေး၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့်၊ နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့်၊ လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်လူရွယ်များ လမ်းမှားမရောက်စေရေး၊ ပညာတတ် သားကောင်းရတနာများ ဖြစ်လာစေရေးသည် မိဘ၊ ဆရာများအပေါ်၌လည်း တာဝန်ရှိသကဲ့သို့ ရုပ်သံမှ စဉ်ဆက်မပြတ် အသိပညာ၊ ဗဟုသုတများ ဖြန့်ဝေပေးခြင်းအပေါ်၌လည်း များစွာမူတည်နေပါကြောင်း၊ ခေတ်နှင့်လျော်ညီသည့် ထုတ်လွှင့်မှုပုံစံများနှင့် ထုတ်လွှင့်ရမည်ဖြစ်သကဲ့သို့ လူမှုရေးဦးတည်ချက် ၄ ရပ်ထဲတွင်ပါသည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသည့် အချက်နှင့်အညီ ထုတ်လွှင့်ပြသကြရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

မြဝတီရုပ်မြင်သံကြားအနေဖြင့် ၂၀၁၃ ခုနှစ်က မိမိတို့နိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ (၂၃)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲများအပြင် ယနေ့အချိန်၌ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထား ကိုးကွယ်ခြင်းဆိုင်ရာ အခမ်းအနား ကျင်းပပုံများကိုပါ ရိုက်ကူးထုတ်လွှင့်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် သမိုင်းဝင်ဆောင်ရွက်ချက်များပင် ဖြစ်ကြောင်း၊ သတင်းစာ၊ ရုပ်မြင်သံကြားမှ **စာမျက်နှာ ၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲတွင် အဆို၊ အက၊ အတီးပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် မြဝတီတေးဂီတနှင့် အငြိမ့်အဖွဲ့ကိုယ်စား တပ်ကြပ်အောင်အောင်ထက်နှင့် ဒုတိယအရာခံဗိုလ်(အစားခန့်) ဒေါ်သန္တာလင်းတို့အား ဆုပေးအပ်ချီးမြှင့်စဉ်။

**❖ ပြည်သူအပေါ် အသိပညာဗဟုသုတပေးနိုင်ရေး၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့်၊ နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့်၊ လက်ဆင့်ကမ်းတာဝန်ယူကြမည့် လူငယ်လူရွယ်များ လမ်းမှားမရောက်စေရေး၊ ပညာတတ် သားကောင်းရတနာများ ဖြစ်လာစေရေးသည် မိဘ၊ ဆရာများအပေါ်၌လည်း တာဝန်ရှိသကဲ့သို့ ရုပ်သံမှ စဉ်ဆက်မပြတ် အသိပညာ၊ ဗဟုသုတများ ဖြန့်ဝေပေးခြင်းအပေါ်၌လည်း များစွာမူတည်နေ**

☆ စာမျက်နှာ ၄ မှ

ပြည်သူလူထုအတွက် ဆောင်ရန်၊ ရှောင်ရန် လိုက်နာဖွယ်ရာများကို တင်ဆက်ပေးနိုင်ခဲ့သောကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ မြဝတီရုပ်မြင်သံကြားသည် ယနေ့ဆိုပါက နိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၃၅ မြို့၌ ဒစ်ဂျစ်တယ် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့ပေါင်း ၁၄၅ မြို့၌ မြဝတီရုပ်မြင်သံကြား ဒစ်ဂျစ်တယ် လိုင်းများကို ကောင်းမွန်စွာကြည့်ရှုနိုင်စေရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ယူထားရသည့်ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ကျင့်ဝတ်မဲ့ မီဒီယာမျိုးစုံက နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေသည်ကို အားလုံးတွေ့ရှိကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော် တာဝန်ရယူခဲ့ချိန်မှ ယနေ့ထိတိုင် အမျိုးသားအကျိုးစီးပွားကိုရှေးရှုသည့် ဆောင်ရွက်ချက်များကို နေ့စဉ်ထုတ်သတင်းစာများနှင့် မြဝတီရုပ်မြင်သံကြားအပြင် နိုင်ငံတော်ပိုင်သတင်းဌာနကြီးများကပါ ဖော်ပြပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏ စစ်မှန်သည့်အမျိုးသားရေး စိတ်ဓာတ်အပြည့်နှင့် တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးဘာသာသာသနာအကျိုး သယ်ပိုးမှုများ၊ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းချက်များကို မြဝတီ Media Group ဖြစ်သည့် သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုအသံလွှင့်ဌာန အသီးသီးကို ကြည့်ရှုသူတိုင်း တွေ့မြင် ကြားသိကြမည်ဖြစ်ကြောင်း။

ယနေ့ ၂၁ ရာစုတွင် သတင်းစီးဆင်းမှုနှုန်းသည် မြန်ဆန်သောကြောင့် အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ထွန်းမှုနောက်ကို မီဒီယာအားကောင်းကောင်းနှင့် လိုက်ပါနိုင်စွမ်းရှိရန် လိုအပ်ကြောင်း၊ အချို့ သတင်းမီဒီယာများသည် တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှုစသည့် မီဒီယာကျင့်ဝတ်များကို လိုက်နာမှုမရှိ၊ ကျင့်ဝတ်နှင့် မညီညွတ်စွာ သတင်းများ ဖော်ပြနေသည်ကို တွေ့ရပါကြောင်း၊ တပ်မတော်၏ပုံရိပ်နှင့် ပြည်သူ့ဆက်ဆံရေးကို ထိခိုက်ကျဆင်းအောင် ပုံဖော်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရပါကြောင်း၊ မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများအပေါ် နိုင်ငံပိုင်မီဒီယာများ၊ တပ်မတော် မီဒီယာများက သတင်းမှန်များနှင့် တုံ့ပြန်လုပ်ဆောင်ရမည် ဖြစ်သကဲ့သို့ သမာသမတ်ကျသည့် ပြည်တွင်း၊ ပြည်ပ မီဒီယာများ၏ "အား" ကိုလည်း ရယူနိုင်ရန် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီရုပ်မြင်သံကြားစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်၊ နှိုးဆော်ချက် မပါရှိဘဲ သမိုင်းစဉ်ဆက် နိုင်ငံအကျိုး၊ ပြည်သူအကျိုးကိုသာ မျှော်ရည်မှန်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် စတုတ္ထမဏ္ဍိုင်တာဝန်ထမ်းဆောင်လျက်ရှိသည့် မြဝတီရုပ်မြင်သံကြားသည်လည်း ပေးအပ်လာသည့် လုပ်ငန်းတာဝန်ဝတ္တရားတို့အပေါ် ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို တွေ့မြင်ရပြီး ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့် အစဉ်အလာနှင့် သမိုင်းကြောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားနိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း။

မိမိတို့တပ်မတော်၏ မီဒီယာလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည့် မြဝတီရုပ်မြင်သံကြား၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံ သတင်းစာတိုက်နှင့် သဇင်အသံလွှင့် ဌာနတို့သည် တိကျခိုင်မာသည့် သတင်းမှန်များအပေါ် မှန်ကန်မြန်ဆန်စွာ တင်ပြနိုင်ရန်လိုသကဲ့သို့ သတင်းမီဒီယာကျင့်ဝတ်ကို အလေးထားသည့် မီဒီယာများဖြစ်စေရေး ဆောင်ရွက်သွားကြမည်၊ ပြောင်းလဲတိုးတက်နေသည့် မီဒီယာလုပ်ငန်းစဉ်များအပေါ် ခေတ်နှင့်အညီ တီထွင်ကြံဆ ဖန်တီးနိုင်သူများဖြစ်စေရေးအတွက်လည်း ကြိုးစားသွားကြရမည်၊ မြဝတီရုပ်မြင်သံကြား၏ "ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်" ဟူသည့် ရည်မှန်းချက်များနှင့်အညီ တပ်မတော်နှင့် ပြည်သူကို ဆက်လက်ပေါင်းကူးပေးပြီး တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေး လုပ်ငန်းများ၌ နိုင်ငံတော်က အားထားရပြီး ပြည်သူကအားကိုးယုံကြည်ရသည့် မီဒီယာတစ်ခုဖြစ်အောင်ကြိုးစားတည်ဆောက်သွားကြရမည်၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် နောင်နှစ်ကာလပေါင်းများစွာတိုင်အောင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ တပ်မတော်အကျိုးတို့ကို ယခုထက် တာဝန်ကျေပွန်စွာ သယ်ပိုးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်ရာ ၂၀၂၂ ခုနှစ် စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရရှိသည့် ဗိုလ်ကြီး စိုးမိုးကျော်၊ ၂၀၂၁ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ပထမဆုရရှိသည့် ဗိုလ်ကြီး သက်နောင်၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ တပ်မတော် အားကစားပြိုင်ပွဲ၊ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲတွင် အဆိုအက၊ အတီးပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် မြဝတီတေးဂီတနှင့် အငြိမ့်အဖွဲ့ ကိုယ်စား တပ်ကြပ် အောင်အောင်ထက်နှင့် ဒုတိယအရာခံဗိုလ် (အစားခန့်) ဒေါ်သန္တာလင်းတို့က ဆုများလက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မြဝတီရုပ်မြင်သံကြားမှ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းမိသားစုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ နှစ်ပတ်လည်နေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြား စက်ရုံအတွင်း လှည့်လည်၍ သရုပ်ပြသရိုက်ကူးမှုများ၊ Production Studio၊ News Studio၊ Presentation Room တို့အတွင်း သတင်းဖတ်ကြားမှုများနှင့် ထုတ်လွှင့်မှုများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် မီဒီယာအခန်းကဏ္ဍသည် စဉ်ဆက်မပြတ် တိုးတက်နေသဖြင့် ခေတ်နှင့်လျော်ညီသည့် နည်းပညာနှင့် တင်ဆက်မှုများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ သတင်းများထုတ်လွှင့်ရာတွင် တည်းဖြတ်မှုများနှင့် ထုတ်လွှင့်မှုများ မှန်ကန်မှုရှိအောင် စနစ်တကျဖြင့် ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ဆက်ဆံရေးတပ်များ၏ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ခင်းကျင်းပြသထားသည့် ပြကွက်များနှင့် ရှေးယခင်ခေတ်များက အသုံးပြုခဲ့သည့် စက်ပစ္စည်းများဖြင့် ရှေးယခင် ရုပ်ရှင်ဇာတ်ကားပြသမှုများကို လှည့်လည်ကြည့်ရှု၍ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်အခမ်းအနား Signing Booth တွင် အမှတ်တရ လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြားကို ၁၉၉၅ ခုနှစ် မတ် ၂၇ ရက် နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (နေပြည်တော်)ကို ၂၀၀၉ ခုနှစ် ဇွန် ၁၉ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ် ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် ပြည်သူနှင့် တပ်မတော်တစ်သားတည်းဖြစ်စေရေးအတွက် "ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ စည်းရုံးရန်" ဟူသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်အတွက် တာဝန်ကျေပွန်သော မီဒီယာတစ်ခုအဖြစ် ဆက်လက်ကြိုးပမ်းရပ်တည်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**☆ တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများ၌ နိုင်ငံတော်က အားထားရပြီး ပြည်သူက အားကိုးယုံကြည်ရသည့် မီဒီယာတစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြရမည်၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် နောင်နှစ်ကာလပေါင်းများစွာတိုင်အောင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ တပ်မတော်အကျိုးတို့ကို ယခုထက် တာဝန်ကျေပွန်စွာ သယ်ပိုးဆောင်ရွက်သွားကြရမည်**

# မော်ကွန်းအသစ် ထုဆစ်ခဲ့ပြီ အောင်စစ်သည်

မောင်မျိုးအောင်(ပန်းရော)

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားကြီးထွားလာသည့် နိုင်ငံကြီးဖြစ်သည်။ ရုရှားပြည်သူများသည် မိမိတို့နိုင်ငံတော်ကို ခေတ်မီပြီး အင်အားကြီးသော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Mr. Vladimir Vladimirovich Putin ၏ ဦးဆောင်မှုအောက်တွင် အင်တိုက်အားတိုက် တည်ဆောက်နေပေသည်။ ဤမျှကြီးမားလှသောကြိုးပမ်းအားထုတ်မှုအောက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်ပြီး ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အရေးပါသော အဆုံးအဖြတ်ပေးမည့် အခန်းကဏ္ဍတစ်ရပ် ဖြစ်နေပေသည်။ ပညာရေးသည် နိုင်ငံတော်၏ မူဝါဒတည်ဆောက်ရေးကို အကျိုးပြုဖော်ဆောင်ပေးပြီး နိုင်ငံတော်၏ မူဝါဒတည်ဆောက်ရေးသည်လည်း ပညာရေးအပေါ် အမှီသဟဲပြုနေ၏။ ထိုသဘောတရားကြောင့်ပင် ရုရှားနိုင်ငံသည် ပညာဗဟိုပြုသည့် နည်းပညာနယ်ပယ်တွင် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်၏။ ကမ္ဘာ့ပညာရေးထိပ်တန်းအဆင့်ရှိ နိုင်ငံတစ်နိုင်ငံ၏ ချီးမြှင့်အပ်နှင်းသော ပညာဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအတွက်လည်း ဂုဏ်ရည်မြင့်မားမှုဂုဏ်နှင့် ထိုက်တန်လှ၏။ အချို့အရာများမှာ သူတစ်ဦးတစ်ယောက် စွမ်းဆောင်မှုကို အကောင်းမြင်သည့် လူ့ပတ်ဝန်းကျင်တစ်ရပ်က ချီးကျူးထောမနာပြုကာ ၎င်းတို့ပညာရပ်နယ်ပယ်၌ လိုက်လျောညီသည့် ဘွဲ့တံဆိပ်တစ်မျိုးမျိုးအား စွမ်းဆောင်နိုင်သူအပေါ် ချီးမြှင့်ကြ၏။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအား ပညာရေးထိပ်တန်းနိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရုရှားသိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျုက နိုင်ငံအကြီးအကဲ၏ ရိုးသားဖြောင့်မတ်ပြီး မိမိနိုင်ငံရေရှည်အကျိုးစီးပွားအတွက် အမြော်အမြင်ကြီးစွာ စွမ်းစွမ်းတမံ ဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်အပါအဝင် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုတို့ကြောင့်“ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့” ကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့၏။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တစ်ဦးအတွက် သာမက နိုင်ငံတော်အတွက် ထိုက်တန်မှုရှိသည့် မင်္ဂလာသတင်းတစ်ရပ်ပင် ဖြစ်ပေသည်။

**လေးနက်စွာ သင်ခန်းစာယူဖွယ်ပင်ဖြစ်**

ပညာဆိုသည်မှာ လေ့လာဆည်းပူးခဲ့ရသည့် မြောက်မြားစွာသော အချက်အလက်များနှင့် အတွေ့အကြုံပေါ်မူတည်၍ လုပ်ငန်းဆောင်တာအမျိုးမျိုးကို နိုင်နင်းစွာ ထိန်းသိမ်းစီမံအုပ်ချုပ်နိုင်သော စွမ်းရည်ဖြစ်ပြီး မှားမှန်ကောင်းဆိုးကြောင်းကျိုးဆက်စပ် စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြားတတ်သော အသိတရားပင်ဖြစ်သည်။ လက်ရှိကျွန်ုပ်တို့နိုင်ငံသည် စာပေတတ်မြောက်သူကား များ၏။ သို့သော် ပညာတတ်မြောက်သူကား ရှား၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေး အခြေအနေတစ်ခုအပေါ်တွင် စာပေတတ်မြောက်သူတို့သည် ပညာဆိုသည့် အပြစ်နှင့်အကျိုးကို ခွဲခြားနိုင်သည့် ဉာဏ်ကို မျက်ကွယ်ပြုလုပ်ဆောင်နေခြင်းများမှာ နိုင်ငံ့အတွက်အံ့အားသင့်ဖွယ် ဆုတ်ယုတ်မှုများပင်ဖြစ်၏။ ကျွန်ုပ်တို့နိုင်ငံနည်းတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်း နိုင်ငံရေးအကျပ်အတည်းတွေ့ကြုံနေရပေသည်။ သို့ရာတွင် စာပေတတ်သည့် ပညာတတ်များ ပေါ်ကြွယ်ဝ၍ နိုင်ငံဆုတ်ယုတ်မှုမရှိခြင်းသည် လေးနက်စွာ သင်ခန်းစာယူဖွယ်ပင်ဖြစ်၏။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးစနစ်သည် ကျွန်ုပ်တို့နိုင်ငံ၏ ပညာစနစ်နှင့် ကွဲပြားမှုရှိ၏။ မူကြိုပညာရေးသည် ရုရှားတွင် မသင်မနေရဖြစ်သော်လည်း အသက် (၆) နှစ်အောက် ကလေးအများအပြား မူကြိုကျောင်းတက်ကြသည်။ မူကြိုကျောင်းတွင် အခြေခံအားဖြင့် ကလေးများ၏ ကိုယ်လက်လှုပ်ရှားမှုနှင့် တီထွင်ဖန်တီးနိုင်မှုအပေါ် အာရုံစိုက်စေသည်။ မူကြိုကျောင်းပြီးသည့်နောက်တွင် အခြေခံပညာရေးစနစ်ကို ဆက်လက်သင်ယူရသည်။ ကလေးများ၏ ဉာဏ်ရည်၊ စိတ်ပိုင်းဆိုင်ရာ၊ ကာယပိုင်းနှင့် ကိုယ်ကျင့်တရား ဖွံ့ဖြိုးတိုးတက်မှုအပေါ် အာရုံစိုက်စေ၏။ ရုရှားနိုင်ငံတွင် မူလတန်းပညာရေးကို အသက် (၆) နှစ်မှ (၁၀) နှစ်အတွင်း သတ်မှတ်ပြီး အသက် (၁၀) နှစ်မှ(၁၅)နှစ်အရွယ်ရှိ ကျောင်းသားများအတွက် အကြိုးတန်း သို့မဟုတ် အလယ်တန်းပညာရေးစနစ်ကို သင်ယူရ၏။ အသက် (၁၅) နှစ်အရွယ်တွင် အခြေခံပညာအဆင့်အား အောင်မြင်ပြီးစီးပြီဖြစ်၏။ ရုရှားနိုင်ငံတွင် အသက် (၆) နှစ်မှ (၁၅) နှစ်အကြား ကလေးများသည် ကျောင်းတက်ရန် မဖြစ်မနေ လိုအပ်သည်။ အခြေခံပညာရေးသည် လူတိုင်းအတွက် အခမဲ့ဖြစ်သည်။ ကျောင်းသားတစ်ဦးသည် အဆင့်မြင့်ပညာရေးကို သင်ယူလိုပါက အထက်တန်းကျောင်းတွင် နောက်ထပ် နှစ်နှစ် ပညာဆည်းပူးရမည်ဖြစ်သည်။ အခြေခံပညာအဆင့်ပြီးဆုံးပြီးနောက် နောက်ဆုံးစာမေးပွဲကို ပြုလုပ်သည်။ ကျောင်းသားများအား အခြေခံအထွေထွေ ပညာရေးလက်မှတ်ချီးမြှင့်သည်။ အဆိုပါလက်မှတ်၏ အကူအညီဖြင့် ကျောင်းသားသည် ဝင်ခွင့်ရနိုင်သည့် အသက်မွေးဝမ်းကျောင်း ပညာရေး သို့မဟုတ် တက္ကသိုလ်မဟုတ်သောအဆင့်ထိ (အဆင့်မြင့်ပညာရေး) တက်ရောက်ရသည်။ ၎င်းမှ အောင်မြင်ပြီးပါက ဘွဲ့လွန်နှင့် အဆင့်မြင့်ပညာရပ်များကို တက်ရောက်သင်ယူနိုင်၏။ ထိုကဲ့သို့ ပညာရေးကိုအလေးပေးဆောင်ရွက်နေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ၂၀၂၃ ခုနှစ် World Population Review ၏ သုံးသပ်ချက်အရ ပညာရေးသည် အဆင့် ၂၃ တွင် ရှိသည်။ ထိုကဲ့သို့ အဆင့်ရှိသော ရုရှားနိုင်ငံတွင် ၂၀၀၁ ခုနှစ်မှစတင်၍ လက်ရှိအချိန်အထိ ရုရှားနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားများအနေဖြင့် မဟာဘွဲ့ရရှိသူ ၆၀၀၀ ကျော်၊ ပါရဂူဘွဲ့ရရှိသူ ၅၀၀ နီးပါး၊ D.Sc ဘွဲ့ရရှိသူ ၁၁ ဦး ရှိခဲ့ပြီဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ရုရှားသိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျု၏ President Dr. Professor Vitaly Vyacheslavovich NAUMKIN က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့အား လက်ခံရယူစဉ်။

**ကမ္ဘာ့ထိပ်တန်း အဆင့်ရှိ**

ယနေ့ရုရှားနိုင်ငံ၏ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုအပေါ် သုံးသပ်ကြည့်မည်ဆိုလျှင် ကမ္ဘာ့ပညာရေးကဏ္ဍတွင် ရုရှားနိုင်ငံရှိ တက္ကသိုလ်များသည် ကမ္ဘာ့ထိပ်တန်း အဆင့်ရှိသည်ကို မျက်ဝါးထင်ထင် သိနိုင်မည်ဖြစ်၏။ ထိုသို့ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုတွင် ရုရှားသမ္မတ ပူတင်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်ရှိ ရုရှားသိပ္ပံအကယ်ဒမီ၏ အခန်းကဏ္ဍသည် အလွန်တရာမှ အရေးပါသည်။ ရုရှားသိပ္ပံအကယ်ဒမီသည် နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရုရှားတစ်နိုင်ငံလုံး၏ ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာ စသည့်ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒနှင့် သုတေသနလုပ်ငန်းများကို ကိုင်တွယ်ထိန်းချုပ်နေသော ရုရှားနိုင်ငံ၏ ပညာရေးဆိုင်ရာ တစ်ခုတည်းသော အဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။ အဆိုပါအဖွဲ့အစည်းအောက်တွင် နိုင်ငံတော်၏မူဝါဒအတွက် အရေးပါသည့် သင်ကြားရေးနှင့် သုတေသနဆိုင်ရာကိစ္စရပ်များကို လုပ်ဆောင်နေသော အဖွဲ့အစည်းများစွာပါရှိပြီး ၎င်းတို့အထဲတွင် အရှေ့တိုင်းလေ့လာရေး အင်စတီကျုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အရှေ့တိုင်းလေ့လာရေးအင်စတီကျု၏သမိုင်းမှာ ရှည်လျားလှသည်။ အရှေ့တိုင်း လေ့လာရေးအင်စတီကျုအား ရုရှားဇာဘုရင် ပထမအလက်ဇန္ဒားလက်ထက် ၁၈၁၈ ခုနှစ်ကတည်းက စိန့်ပီတာစဘတ်မြို့ သိပ္ပံပညာအကယ်ဒမီလက်အောက်ရှိ အာရှပြတိုက်တစ်ခုအဖြစ် စတင်တည်ထောင်ခဲ့သည်။ ထိုပြတိုက်ကို အရှေ့တိုင်းစာမူများသိမ်းဆည်းခြင်း၊ လာရောက်လေ့လာသည့် ဧည့်သည်များအတွက် ခင်းကျင်းပြသခြင်း၊ အရှေ့တိုင်းလေ့လာမှုများအတွက် သိပ္ပံနှင့်စည်းရုံးရေးစင်တာအပြင် ပညာရေးဆိုင်ရာ သုတေသနအတွက် စာကြည့်တိုက်တစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ၂၀ ရာစုအစ ပြတိုက်တည်ထောင်သည့် နှစ် ၁၀၀ ပြည့်နှစ်ပတ်လည်တွင် ပြတိုက်သည် အရှေ့တိုင်း ဘာသာစကား ၄၅ မျိုးဖြင့် စာမူများစုစည်းထားသော အဓိကဗဟိုချက်နေရာ ဖြစ်လာခဲ့သည်။ ၁၉၂၀-၁၉၃၀ ပြည့်နှစ်တွင် သိပ္ပံအကယ်ဒမီ၏ အရှေ့တိုင်းဌာနကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု၏ သိပ္ပံအကယ်ဒမီအောက်ရှိပြတိုက်ကို အခြေခံ၍ အရှေ့တိုင်းလေ့လာရေးအင်စတီကျုကို ဖွဲ့စည်းခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၏ ဦးဆောင်မှုအောက်တွင် နိုင်ငံရေးဆိုင်ရာများအပြင် အခြေခံသုတေသနလုပ်ငန်းများကိုပါ တာဝန်ပေးအပ်စေခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရုရှားသိပ္ပံအကယ်ဒမီသည် အရှေ့တိုင်းလေ့လာရေးအင်စတီကျုကို ၎င်း၏ စိန့်ပီတာစဘတ်ဌာနခွဲမှ ခွဲထွက်ခဲ့ပြီး နောက်ပိုင်းတွင် Institute of Eastern Manuscripts အဖြစ် သီးခြားရပ်တည်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ရုရှားအစိုးရသည် အရှေ့တိုင်းလေ့လာရေးအင်စတီကျု၏ ထိန်းချုပ်မှုကို အခြားသော သိပ္ပံအကယ်ဒမီ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းအားလုံးနှင့်အတူ အစိုးရအေဂျင်စီ Federal Agency for Scientific Organizations (FASO) သို့ လွှဲပြောင်းပေးခဲ့သည်။

ယခုအခါ ရုရှားသိပ္ပံအကယ်ဒမီ၏ အရှေ့တိုင်း လေ့လာရေးအင်စတီကျုသည် အရှေ့တိုင်းယဉ်ကျေးမှုနှင့်သမိုင်းကြောင်းများ၊ စီးပွားရေးနှင့်နိုင်ငံရေး၊ အာရှနှင့် မြောက်အာဖရိကနိုင်ငံများ၏ ဘာသာစကားများနှင့် စာပေများကို လေ့လာသည့် သုတေသနစင်တာအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ အင်စတီကျုမှ မွေးထုတ်ပေးလိုက်သည့်သူများမှာလည်း စွမ်းဆောင်ရည်မြင့်မားသည့်အတွက် ၁၉၈၀ ပြည့်နှစ်တွင် Order of the Red Banner of Labour တံဆိပ်ချီးမြှင့်ခြင်းခံခဲ့ရသည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၇ သို့ ✻

> ရုရှားနိုင်ငံသည် ပညာဗဟိုပြုသည့် နည်းပညာနယ်ပယ်တွင် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်၏။ ကမ္ဘာ့ပညာရေးထိပ်တန်းအဆင့်ရှိ နိုင်ငံတစ်နိုင်ငံ၏ ချီးမြှင့်အပ်နှင်းသော ပညာဆိုင်ရာဘွဲ့တံဆိပ်ရရှိသူတစ်ဦးအတွက်လည်း ဂုဏ်ရည်မြင့်မားမှုဂုဏ်နှင့် ထိုက်တန်လှ၏။ အချို့အရာများမှာ သူတစ်ဦးတစ်ယောက်စွမ်းဆောင်မှုကို အကောင်းမြင်သည့် လူ့ပတ်ဝန်းကျင်တစ်ရပ်က ချီးကျူးထောမနာပြုကာ ၎င်းတို့ပညာရပ်နယ်ပယ်၌ လိုက်လျောညီသည့် ဘွဲ့တံဆိပ်တစ်မျိုးမျိုးအား စွမ်းဆောင်နိုင်သူအပေါ် ချီးမြှင့်ကြ

❋ စာမျက်နှာ ၆ မှ

ရုရှားသိပ္ပံအကယ်ဒမီ၏ အရှေ့တိုင်းလေ့လာရေးအင်စတီကျုတွင် ဌာနပေါင်း ၁၉ ခုဖြင့် ဖွဲ့စည်းထားပြီး သိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာ အစီအစဉ်များ၊ သုတေသနပရောဂျက်များနှင့် ထုတ်ဝေခြင်းအစီအစဉ်များ၊ နိုင်ငံတကာ အရှေ့တိုင်းအသင်းများနှင့် စီးပွားရေး၊ ယဉ်ကျေးမှုနှင့်လူသားချင်းစာနာမှု ပူးပေါင်းဆောင်ရွက်ခြင်း စသည်ဖြင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွက်မူ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံ၏ ဘာသာစကား၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို လေ့လာခဲ့ကြ၏။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) တက္ကသိုလ်ပါမောက္ခချုပ် Mr. Boris Nikolaevich Korobets တို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

**နိုင်ငံ့အကြီးအကဲများ၏ နိုင်ငံအပေါ်ထားရှိသည့် စိတ်ထားနှင့် ဦးဆောင်မှု**

နိုင်ငံတစ်နိုင်ငံ၏ အကြောင်းအရာများကို သုတေသနပြုလေ့လာရာတွင် နိုင်ငံ့အကြီးအကဲများ၏ နိုင်ငံအပေါ်ထားရှိသည့် စိတ်ထားနှင့် ဦးဆောင်မှုအပေါ်လည်း လေ့လာကြသည်မှာ ပကတိအမှန်တရားပင်ဖြစ်၏။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင် NLD အစိုးရ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတော်အာဏာအား မဲမသမာမှုနည်းလမ်းဖြင့် အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့သည်ကို တားဆီးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်ဘက် လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်ကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများကို ရည်ရွယ်ချက်ရှိစွာ ပစ်မှတ်ထားတိုက်ခိုက်လာကြသည်။ တိုင်းပြည်တည်ငြိမ်ရေးနှင့် အစိုးရယန္တရား ရပ်ဆိုင်းသွားစေရန်နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့၏။ ပြည်ပမှ ရုပ်သံများ၊ သတင်းဌာနများစွာက အခကြေးငွေရယူ၍ ဝါဒမှိုင်းအမျိုးမျိုးဖြင့် ပြည်သူနှင့် အစိုးရ၊ တပ်မတော်အား ဝါဒဖြန့်အမုန်းတရားရိုက်သွင်းကာ ရန်တိုက်သွေးခွဲခဲ့သည်။ နိုင်ငံတော်အကြီးအကဲနှင့် လက်အောက်ခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စိတ်ရှည်သည်းခံစွာ ဥပဒေနှင့်အညီ ဆောင်ရွက်မှုအပေါ် အခွင့်အရေးယူကာ ဆောင်ရွက်ခဲ့၏။ အဓမ္မသည် ဓမ္မကိုမယှဉ်နိုင်၊ ဓမ္မတရားသည် အချိန်တန်သည်နှင့် အမှန်တရားအဖြစ် ထွက်ပေါ်လာသည်။ တိုင်းပြည်ပျက်စီးအောင် လုပ်သူများက အချိန်ကြာလာသည်နှင့်အမျှ ကျရှုံးပျက်သုဉ်းနေမည်သာဖြစ်သည်။

ထိုကဲ့သို့ အခြေအနေများကြားတွင် နိုင်ငံတော်ကို ဦးဆောင်မှုပေးရသည်က မလွယ်ကူချေ။ ပြည်တွင်း၊ ပြည်ပအတားအဆီး အနှောင့်အယှက်မျိုးစုံကြားတွင် နိုင်ငံတော်မယိမ်းမယိုင်စေရေး ထိန်းသိမ်းဖြတ်သန်းရသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ ဦးဆောင်ဖြတ်သန်းမှုသည် ထက်မြက်သော အတွေးအခေါ်နှင့် နက်ရှိုင်းသော နှလုံးသားခံစားချက်တို့ဖြင့်သာ ဖြတ်သန်းနိုင်မည်ဖြစ်၏။ နိုင်ငံတော်အကြီးအကဲ၏ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအပေါ် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေး လက်တွဲပူးပေါင်းဦးဆောင် ဆောင်ရွက်မှု၊ တရားမျှတမှုအား အခြေခံသည့် နိုင်ငံရေး လုပ်ငန်းစဉ် ဆောင်ရွက်မှုများအား ပွင့်လင်းမြင်သာ ဆောင်ရွက်နေမှုတို့အပေါ် ရုရှားသိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျုအနေဖြင့် သုတေသနပြု လေ့လာမှတ်တမ်းတင်ထားခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြန်မာနိုင်ငံ အစိုးရသည် နိုင်ငံရေးနှင့် စီးပွားရေး အကျပ်အတည်းအား တစ်ပြိုင်နက် ဖြေရှင်းခဲ့ရသည်မှာလည်း ကောင်းမြတ်သော မှတ်တမ်းတစ်ခုပင်ဖြစ်သည်။

**❝ ထိုကဲ့သို့ အခြေအနေများကြားတွင် နိုင်ငံတော်ကို ဦးဆောင်မှုပေးရသည်က မလွယ်ကူချေ။ ပြည်တွင်း၊ ပြည်ပအတားအဆီး အနှောင့်အယှက်မျိုးစုံကြားတွင် နိုင်ငံတော်မယိမ်းမယိုင်စေရေး ထိန်းသိမ်း ဖြတ်သန်းရသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ ဦးဆောင်ဖြတ်သန်းမှုသည် ထက်မြက်သော အတွေးအခေါ်နှင့် နက်ရှိုင်းသော နှလုံးသားခံစားချက်တို့ဖြင့်သာ ဖြတ်သန်းနိုင်မည်ဖြစ်၏။ နိုင်ငံတော်အကြီးအကဲ၏ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအပေါ် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေး လက်တွဲပူးပေါင်း ဦးဆောင်ဆောင်ရွက်မှု၊ တရားမျှတမှုအား အခြေခံသည့်နိုင်ငံရေး လုပ်ငန်းစဉ်ဆောင်ရွက်မှုများအား ပွင့်လင်းမြင်သာဆောင်ရွက်နေမှုတို့အပေါ် ရုရှားသိပ္ပံအကယ်ဒမီအရှေ့တိုင်းလေ့လာရေး အင်စတီကျုအနေဖြင့် သုတေသနပြု လေ့လာမှတ်တမ်းတင်ထားခဲ့ ❞**

မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်က စတင်ပြီး စီးပွားရေးဆိုင်ရာနှင့်ကုန်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအားနည်းချက်များအပြင် ကိုဗစ်-၁၉ ရောဂါ၏ ကန့်သတ်မှုများကြောင့် နိုင်ငံ့စီးပွားရေးသည် ကျဆင်းခဲ့ရသည်။ တိုင်းပြည်သည် နိုင်ငံခြားဝင်ငွေများ ရရှိခဲ့ခြင်းမရှိခဲ့ဘဲ ပြည်ပက သွင်းကုန်များကိုသာ တင်သွင်းခဲ့မှုများကြောင့် ကုန်သွယ်မှုလိုငွေများစွာ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ပြင် အချို့သော နိုင်ငံတော်အဆင့်နှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ အဂတိလိုက်စားမှုကိစ္စရပ်များသာမက မလျော်မကန်သည့်အာဏာသုံးဆောင်ရွက်မှုများကြောင့် တိုင်းပြည်၏ စီးပွားရေးသည် များစွာထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများ ရှိခဲ့သည်။ ထိုသို့သော အခြေအနေအရပ်ရပ်ကြောင့် တိုင်းပြည်သည် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် နောက်ကျကျန်ရစ်ခဲ့ရသည်။

**နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရသမျှသောခွန်အားဖြင့် ဆောင်ရွက်ခဲ့**

နိုင်ငံတော်အကြီးအကဲသည် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ပြည်ပချေးငွေနှင့် ထောက်ပံ့ငွေများ ရရှိခဲ့မှုမရှိသော်လည်း နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအား ရသမျှသောခွန်အားဖြင့် ဆောင်ရွက်ခဲ့ရသည်။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စီးပွားရေးတိုးတက်မှုနှုန်း အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ကြားကာလ ၆ လ စီမံကိန်း အကောင်အထည်ဖော်မှုတွင် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ပြန်လည်တိုးတက်လာခဲ့သည်။ နိုင်ငံ့အကြီးအကဲတစ်ဦး၏ စီးပွားရေးအခြေခံသဘောတရားများအပေါ် သိရှိနားလည်သည်သာမက အဆင့်ဆင့်ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံမှရရှိခဲ့သည့် အတွေးအခေါ်အသိများက နိုင်ငံတစ်နိုင်ငံ ယိမ်းယိုင်နေသော အခြေအနေမှ အကောင်းဆုံးရုန်းထွက်နိုင်ခြင်း၏သာဓကပင်ဖြစ်သည်။ ယနေ့ နိုင်ငံတော်အကြီးအကဲ၏ လုပ်ဆောင်ချက်များသည် မိမိစိတ်ခံစားချက်အပေါ် ဦးစားပေးလုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်မည့် လမ်းကြောင်းကို ရေရှည်မြော်မြင်မှု၊ ဆင်ခြင်တုံတရား လက်ကိုင်ထား၍ သတိတရားဖြင့် တည်ဆောက်နေခြင်း ဖြစ်သည်ကို တွေ့ရသည်။ ဆင်ခြင်စဉ်းစားနိုင်စွမ်းမရှိသူအတွက် စိတ်ခံစားမှုသည် အဓိကဖြစ်သောကြောင့် လုပ်ချင်ရာကို လုပ်တတ်သည့် သဘောရှိ၏။ လုပ်သင့်သည်ကို မလုပ်ကိုင်ဘဲ လျစ်လျူရှု၏။ သုတေသနပြုသူတို့သည် ထိုမျှသော အခြေခံအချက်အပေါ်က စိစစ်ကြည့်ရှုသုံးသပ်လေ့လာ၏။ ရုရှားသိပ္ပံအကယ်ဒမီအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်တွင်လည်း သုတေသနပြု၍ စိစစ်သုံးသပ်အကဲဖြတ်ခဲ့ကြသည်။

**မြန်မာ့နိုင်ငံရေးသမိုင်း၏ မော်ကွန်းတင်မည့် စွမ်းဆောင်ရည်များပင်ဖြစ်**

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေး လုပ်ငန်းစဉ်များနှင့် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများတွင် မိမိရင်ဝယ်သားကဲ့သို့ သဘောထားကာ အယုတ်၊ အလတ်၊ အမြတ်၊ ရန်သူ၊ မိတ်ဆွေမရွေး လူသားချင်း စာနာထောက်ထားမှုများစွာကိုလည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကမ္ဘာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ရေရှည်အကျိုးစီးပွားအတွက် မှတ်ကျောက်တင်ထူးခြားသည့် စွမ်းဆောင်မှုများဖြင့်သာ အလေးပေးဆောင်ရွက်ခဲ့၏။ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေဖြင့် ကမ္ဘာ့အင်အားချိန်ခွင်လျှာ မျှတရေးအတွက် အမြော်အမြင်ရှိရှိ ဉာဏ်ပညာပြည့်ဝစွာဖြင့် ရုရှားခေါင်းဆောင်နှင့်အတူ အတူတကွပူးပေါင်းဆောင်ရွက်နေသည်မှာ မြန်မာ့နိုင်ငံရေးသမိုင်း၏ မော်ကွန်းတင်မည့် စွမ်းဆောင်ရည်များပင်ဖြစ်၏။ ထို့ကြောင့် မြန်မာ့နိုင်ငံရေးသမိုင်းအား စဉ်ဆက်မပြတ် သုတေသနပြုလေ့လာနေပြီး ရုရှားသိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျု၏ ပညာရေးကောင်စီက မငြင်းပယ်နိုင်လောက်အောင် တညီတညွတ်တည်း မဲခွဲဆုံးဖြတ်ခဲ့ပြီး **"ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့"** အား ပေးအပ်ခဲ့ရသည်။

အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့၏ နိုင်ငံတော်ကြီး စည်းလုံးညီညွတ်ပြီး သာယာဝပြောလာအောင် စောင့်ရှောက်ခဲ့သည့် ရှေးမြန်မာမင်းတို့၏ စွမ်းဆောင်မှုများကို ယနေ့နောင်လာနောက်သားများက အစဉ်အမြဲကျေးဇူးတင် ဦးခိုက်လျက်ရှိသည်။ ယနေ့ နိုင်ငံတော်အကြီးအကဲ၏ စွမ်းဆောင်မှုများကိုလည်း ပြည်ပအင်အားကြီးနိုင်ငံက အသိအမှတ်ပြုသကဲ့သို့ နောင်ဝယ်ငယ်သားများကလည်း အသိအမှတ်ပြုလေးစားအားကျနေမည်သာဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် **"အကောင်းမြင်စိတ်မရှိသူက အခွင့်အရေးကို အခက်အခဲဟုသာ မြင်မိဖြစ်၏။ အပြုသဘောစိတ်ဓာတ်ရှိသူက အခက်အခဲကို အခွင့်အရေးဟုသာ မြင်မိဖြစ်၏။"** နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြုံတွေ့လာသောအခက်အခဲ အခြေအနေအရပ်ရပ်အပေါ် နာယကဂုဏ်ခြောက်ပါးဖြင့်သာ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ခဲ့သည်မှာ သမိုင်းသက်သေတည်နေပြီဖြစ်၏။ ကမ္ဘာ့ထိပ်တန်းနေရာတွင် ရပ်တည်လျက်ရှိပြီး စွမ်းရည်ထက်မြက်သူများကိုသာ မွေးထုတ်ပေးလျက်ရှိသည့် ရုရှားသိပ္ပံ အကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျုမှ ပေးအပ်သည့် လက်ခံရယူရန် ခက်ခဲသည့် **"ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့"**ကို လက်ခံရရှိခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ စွမ်းဆောင်ချက်များအပေါ် ထိုက်တန်စွာအသိအမှတ်ပြု လေးစားဂုဏ်ယူမိပါတော့၏။ ။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်





**နေပြည်တော် မေ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၌ ကျင်းပသည့် အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

### ပေးအပ်ချီးမြှင့်

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ကြီးဌာနလက်အောက်မှ ဌာနအကြီးအမှူးများ၊ ကျောင်းသားမိဘများ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးပြီး စစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကုန်သွယ် ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း(ရေကြောင်း)ဆုရ သန့်လွင်အေး၊ စံပြအရာရှိလောင်း (အင်ဂျင်နီယာ)ဆုရ မင်းခန့်၊ စံပြအရာရှိလောင်း (လျှပ်စစ်နည်းပညာ) ဆုရ သာတအောင်၊ ကုန်သွယ် ရေကြောင်းအရာရှိလောင်း စာပေထူးချွန်ဆုရ ဘုန်းမြင့်မောင်၊ အင်ဂျင်နီယာအရာရှိလောင်း စာပေထူးချွန်ဆုရ နိုင်လင်း၊ လျှပ်စစ်နည်းပညာအရာရှိလောင်း စာပေထူးချွန်ဆုရ ကျော်ဇင်မျိုးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် သက်တမ်းအားဖြင့် ရွှေရတုနှစ်(၅၀)ကျော်ခဲ့ပြီဖြစ်ရာ စတင်တည်ထောင်ချိန်မှစ၍ ယခုအချိန်အထိ နိုင်ငံတော်အတွက် လိုအပ်သော ရေကြောင်းပညာမျိုးဆက်သစ်များကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးနေသော သမိုင်းအစဉ်အလာကြီးမားသည့် ရေကြောင်းဘက်ဆိုင်ရာ ကောလိပ်ကျောင်းကြီးတစ်ကျောင်း ဖြစ်ကြောင်း၊ ကျောင်းဆင်းအရာရှိများ အနေဖြင့် နိုင်ငံတကာရေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် ကျရာတာဝန်များကို ထမ်းဆောင်လျက်ရှိကြသကဲ့သို့ ဝန်ကြီးဌာနလက်အောက်ရှိ ရေကြောင်းဘက်ဆိုင်ရာကဏ္ဍများကို တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနများတွင်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေကြပါကြောင်း၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်အနေဖြင့် သင်တန်းဆင်း အရာရှိလောင်းများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက်ပါ စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရာရှိလောင်းများအနေဖြင့် သင်တန်းမှ လေ့ကျင့်သင်ကြားပေးခဲ့သည်များကို အခြေခံ၍ လုပ်ငန်းခွင်များတွင် ခေတ်မီအရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံ့သားကောင်းများ ဖြစ်လာကြစေရေး ကြိုးပမ်းအားထုတ်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ စစ်ဆေးခဲ့သည့် ခရီးစဉ်တွင် "ရေကြောင်း ကုန်သွယ်ရေးကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိက အထောက်အကူပြုသည့် ကဏ္ဍဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ရေကြောင်းပညာရှင်များ ဖြစ်လာအောင် လေ့ကျင့်မွေးထုတ်ပေးရန်" မှာကြားခဲ့ပါကြောင်း၊ ကျောင်းဆင်းအရာရှိလောင်းများအနေဖြင့် ကုန်သွယ်ရေယာဉ်များပေါ်တွင် တာဝန်ထမ်းဆောင်ရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာ၊ မိခင်ကျောင်းတော်ကြီး၏ ဂုဏ်သတင်းများ အစဉ်ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် အလေးထား တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရန်၊ အနာဂတ်တွင် ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း မျိုးဆက်သစ် ရေကြောင်း လူငယ်များဖြစ်အောင် ကြိုးစားကြရန်၊ မိမိနှင့်သက်ဆိုင်သည့် ပညာရပ်များကိုလည်း ခေတ်နှင့်အညီ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန်၊ ရေကြောင်းပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေး ကြိုးစား ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တက်ရောက်လာသော ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် ကျောင်းဆင်း အရာရှိလောင်းများ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရ အရာရှိလောင်းခြောက်ဦးနှင့် ၎င်းတို့၏မိဘများကို တွေ့ဆုံဂုဏ်ပြုစကားပြောကြားသည်။

### လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေး

ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၄)၌ ရေကြောင်း အရာရှိလောင်း ၂၇ ဦး၊ ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၅၀၊ ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်း ခြောက်ဦး စုစုပေါင်း ၈၃ ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့အထိ ရေကြောင်းပညာ အရာရှိလောင်းနှင့် ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်း စုစုပေါင်း ၅၅၈၄ ဦးတို့ကို မွေးထုတ်ပေးခဲ့သည့် အပြင် ပင်လယ်ပြင် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများအတွက် ရေကြောင်းအရာရှိ ၈၇၃၇၉ဦး၊ ရေကြောင်း အင်ဂျင်နီယာအရာရှိ ၂၈၆၄၄ ဦး၊ ရေကြောင်းဘက်ဆိုင်ရာ အခြား အဆင့်သင်တန်းသား ၁၅၂၂၁၉ ဦး၊ စုစုပေါင်း ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူ ၂၇၃၈၂၆ ဦး လေ့ကျင့် ပျိုးထောင် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အချိန်အထိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်မှ သင်တန်းပြီးမြောက်ခဲ့သည့် အရာရှိလောင်းများအနက် ရေယာဉ်မှူးကြီး(Captain)အဆင့် ၅၆၁ ဦး၊ အင်ဂျင်နီယာမှူးကြီး (Chief Engineer) အဆင့် ၃၆၅ ဦး တို့သည် နိုင်ငံတကာသင်္ဘောများပေါ်တွင် အဆင့်မြင့်တာဝန်များ ထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ ရေယာဉ် တည်ဆောက်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့သင်္ဘောကျင်း လုပ်ငန်းဝင်းအတွင်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင် ရေယာဉ်များ လွှန်းတင်ပြင်ဆင်နေမှု အခြေအနေနှင့် ဌာနမှစီစဉ်ဖွင့်လှစ်သင်ကြားပေးနေသည့် လျှပ်စစ်ဂဟေဆက်သင်တန်း လေ့ကျင့်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

### ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ လုပ်ငန်းဆောင်ရွက်မှု၊ မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆိပ်ကမ်းလုပ်ငန်းများ လျင်မြန်သွက်လက်စေရေး၊ အခွန်ငွေ တိုးမြှင့်ကောက်ခံနိုင်ရေး ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆူးလေဆိပ်ကမ်း အမှတ် (၁)၊(၂)၊(၃)နှင့်(၄) ဆိပ်ခံတံတားများ၏ အခြေအနေ၊ တံတားများတွင် ပြည်ပသင်္ဘောများ ဆိုက်ကပ်၍ ဆန်တင်ပို့ရန် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr. Ramanathan Balakrishnan နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr. Ramanathan Balakrishnan နှင့်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNFPA က မြန်မာနိုင်ငံ၌ လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် UNFPA အကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၁) သင်တန်းဆင်းပွဲ၊ ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ တာဝန်ပေးအပ်လွှာများအပ်နှင်းခြင်းနှင့် ကျမ်းသစ္စာပြုခြင်းအခမ်းအနားကျင်းပ



နေပြည်တော် မေ ၅

ဒုတိယမြို့နယ် တရားသူကြီးများလုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၁) သင်တန်းဆင်းပွဲ၊ ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ တာဝန်ပေးအပ်လွှာများအပ်နှင်းခြင်းနှင့် ကျမ်းသစ္စာပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအနေဖြင့် ပင်ကိုအရည်အသွေး၊ ကြိုးစားသင်ယူမှု၊ လေ့လာလိုက်စားမှု အပတ်တကုတ်အားထုတ်မှု စသည့် ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်စေရုံသာမက တစ်ဦးချင်းအနေဖြင့်လည်း ဂုဏ်တက်စေကြောင်း၊ ထူးချွန်ဆုရရှိသူများကို ကျန်တရားရေးအရာရှိများက စံနမူနာယူပြီး တရားစီရင်ရေးလုပ်ငန်းတွင် ပိုမိုကျွမ်းကျင်အောင် ကြိုးစားအားထုတ် ဆောင်ရွက်ခြင်းဖြင့် အရည်အချင်း ပြည့်ဝထူးချွန်ထက်မြက်သည့် တရားသူကြီးကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာ ဒေသအသီးသီးသို့ သွားရောက်၍ လက်တွေ့နယ်ပယ်၌ တာဝန်ထမ်းဆောင်ရာတွင်လည်း စာတွေ့၊ လက်တွေ့ အတွေ့အကြုံပေါင်းစပ်ပြီး ကျေပွန်အောင်ထမ်းဆောင်ရန်နှင့် ဆက်လက်လေ့လာဆည်းပူး ကြရန်ဖြစ်ကြောင်း၊ အမှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ အကြောင်းခြင်းရာ ပြဿနာနှင့် ဥပဒေပြဿနာများကို ဥပဒေ၊ နည်းဥပဒေ၊ ယခင်သာဓကပြုထားသည့် စီရင်ထုံးလမ်းညွှန်ချက်များနှင့်အညီ မိမိ၏ကိုယ်ပိုင်စဉ်းစားတွေးခေါ်နိုင်စွမ်းကို အခြေပြု၍ စီရင်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ မိမိထက် အတွေ့အကြုံရင့်ကျက်သူများ၏ တွေးခေါ်ပုံ၊ ချဉ်းကပ်ဖြေရှင်းပုံများကိုလည်း လေ့လာသင်ယူရန် တိုက်တွန်းလိုကြောင်း၊ မိမိချမှတ်သည့် စီရင်ချက်များကို ကောင်းမွန်ပြည့်စုံစေရန် အမြဲကြိုးစား အားထုတ်ရမည်ဖြစ်ကြောင်း။

သက်သေခံ ပစ္စည်းစီမံခန့်ခွဲမှု အပါအဝင် အမှု၏အဆင့်တိုင်းကို အလေးအနက်ထား ဆောင်ရွက်သည့် အလေ့အထကောင်းကိုလည်း မွေးမြူရန်လိုကြောင်း၊ စီရင်ဆုံးဖြတ်ရာတွင် အရေးကြီးသည့်အချက်ဖြစ်သော အဂတိတရားလေးပါး ကင်းရှင်းပြီး တံစိုးသုံးပါးကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ တရားသူကြီးများသည် အကျင့်၊ သီလ၊ သမာဓိ၊ ပညာဆိုသည့် သိက္ခာသုံးရပ်နှင့် ပြည့်စုံနေမှသာ ပြည်သူများက ယုံကြည်ကိုးစား အလေးထားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်သည့် မူဝါဒ၊ ရည်မှန်းချက်များကို သိရှိနားလည် သဘောပေါက်ပြီး ဌာနကအကောင်အထည်ဖော် ဆောင်ရွက်နေသည့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များကို မျက်ချည်မပြတ်လေ့လာကာ တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ တရားရုံးနည်းပညာအသုံးပြုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်လျက်ရှိသဖြင့် အိုင်တီနည်းပညာနှင့် အင်္ဂလိပ်စာကိုလည်း လေ့လာဆည်းပူးရမည်ဖြစ်ကြောင်း၊ တရားသူကြီးကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများက သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများကို ဂုဏ်ပြုဆုချီးမြှင့်ပြီး ပြည်ထောင်စုတရားသူကြီးချုပ်က သက်ဆိုင်ရာ မြို့နယ်တရားရုံး အသီးသီးတွင် တာဝန် ထမ်းဆောင်စေရန် လုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၃၁)မှ ဒုတိယမြို့နယ်တရားသူကြီးများကို တာဝန်ပေးအပ်လွှာများ အပ်နှင်းသည်။

ဆက်လက်၍ တာဝန်စတင်ထမ်းဆောင်မည့် သင်တန်းသားသင်တန်းသူ တရားရေးအရာရှိများက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ရှေ့မှောက်တွင် ကျမ်းသစ္စာပြုဆိုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက် အတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းတာဝန်ခံအရာရှိများနှင့် သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ကြသည်။

သတင်းစဉ်

# နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်း (အရာထမ်း) များ၏ လစာငွေများကို ATM စက်များမှ ထုတ်ယူနိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ





နေပြည်တော် မေ ၅

နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်း (အရာထမ်း) များ၏ လစာငွေများကို ATM စက်များမှ ထုတ်ယူနိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နေပြည်တော်ရှိ အရာထမ်းများ၏လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်၏ ATM စက်များနှင့် ပုဂ္ဂလိကဘဏ်များ၏ ATM စက်များမှ ATM ကတ်များဖြင့် ထုတ်ယူခြင်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လက်လီငွေပေးစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငွေသားကိုင်ဆောင်အသုံးပြုမှုနည်းသည့် ငွေရေးကြေးရေးစနစ် ဖော်ဆောင်နိုင်စေရန်နှင့် ATM ကိုင်ဆောင်သူများအနေဖြင့် ATM ငွေထုတ်ကတ်များဖြင့် ငွေပေးချေမှုဆောင်ရွက်ခြင်းကို အကျွမ်းတဝင်ဖြစ်လာစေရန်ရည်ရွယ်၍ ATM စက်များမှ ငွေထုတ်ယူမှုများကို အစိုးရဌာနများ၌ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နေပြည်တော်ရှိ ဝန်ကြီးဌာန၊ အစိုးရဌာနအဖွဲ့အစည်းများ၌ နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များ၏ ATM စက်များ တပ်ဆင်ထားခြင်းမရှိသေးသည့် ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ATM စက်များကို တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ ATM စက်များ တပ်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများအနေဖြင့် စက်တပ်ဆင်မည့်နေရာသတ်မှတ်ပေးခြင်း၊ လျှပ်စစ်မီးလိုင်းနှင့် အင်တာနက်လိုင်းများ သွယ်တန်းနိုင်ရေး ဆောင်ရွက်ခြင်းတို့ကို မြန်မာ့စီးပွားရေးဘဏ်နှင့် ချိတ်ဆက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက ATM စက်များ ဖြန့်ခွဲထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ပူးပေါင်း ဆောင်ရွက်ပေးရမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အကြံပြု ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် ဆွေးနွေးမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းရယ်မြို့နယ် မန်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ တတိယအကြိမ်ပြန်လည်ထုတ်ချေး

မိုင်းရယ် မေ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဟိုယကျေးရွာအုပ်စု မန်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဟိုယကျေးရွာအုပ်စု စုပေါင်းခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ချေးငွေထုတ်ချေးရာတွင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဟိုယကျေးရွာအုပ်စု မန်လုံကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ လုပ်ငန်းအဖွဲ့များနှင့်အတူ စိုက်ပျိုးရေး လုပ်ငန်းအတွက် ချေးယူသူ ၆၆ ဦး၊ ချေးငွေ ၃၆၆၀၀၀၀၀ နှင့် အရောင်းအဝယ်လုပ်ငန်းအတွက် ချေးယူသူသုံးဦး၊ ချေးငွေ ၁၈၀၀၀၀၀ ချေးယူသူ စုစုပေါင်း ၆၉ ဦးအတွက် ချေးငွေစုစုပေါင်း ၃၈၄၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာ-ထိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းရိုးရာ သင်္ကြန်ပွဲတော်(Songkran) အခမ်းအနားတက်ရောက် အားပေး

**ရန်ကုန် မေ ၅**

မြန်မာ-ထိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းရိုးရာသင်္ကြန်ပွဲတော် (Songkran) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း ဒဂုံမြို့နယ်ရှိ ထိုင်းသံအမတ်ကြီး နေအိမ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိခေမာရာမဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်ကြီးအမှူးပြုသည့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mongkol Visitstump နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံအမတ်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံ သံရုံးများမှ သံတမန်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ထိုင်းနိုင်ငံသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ခေမာရာမဘုန်းတော်ကြီးကျောင်းပဓာနနာယက ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ခေမာရာမဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ထိုင်းသံအမတ်ကြီးနှင့် တာဝန်ရှိသူများက သံဃာတော်များအား




ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အခမ်းအနား တက်ရောက်လာကြသူများ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump က "မြနန္ဒာ" သီချင်းဖြင့် သီဆိုပြီး ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့က တွဲဖက်ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်ကာ ဒေါ်ဂျီများ ကပ်လှူပူဇော်ကြပြီး မြန်မာ-ထိုင်းနှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြသထားသော ထိုင်းရိုးရာအစားအစာဆိုင်ခန်းများ၊ သဲပုံစေတီနှင့် ပိုက်ကျော်ခြင်းသရုပ်ပြကစားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ထိုင်းရိုးရာသင်္ကြန်ပွဲတော်(Songkran) အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ထိုင်းသံအမတ်ကြီး၊ တရုတ်သံအမတ်ကြီး၊ ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် တာဝန်ရှိသူများကို မြန်မာနိုင်ငံတွင် ရောက်ရှိနေကြသည့် ထိုင်းနိုင်ငံသားများက ထိုင်းရိုးရာသင်္ကြန်ရေအေးဖြင့် အပြန်အလှန်ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးက "မြနန္ဒာ"သီချင်းဖြင့် သီဆိုပြီး ထိုင်းရိုးရာ ယဉ်ကျေးမှုအဖွဲ့က တွဲဖက် ကပြဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ထိုင်းဘာသာ သင်ကြားနေသော မြန်မာကျောင်းသူများက ထိုင်းရိုးရာအကဖြင့် ကပြဖျော်ဖြေမှုကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ အဆိုတော်က ထိုင်းတေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်မှုကို ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက် လာကြသူများက ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကပြဖျော်ဖြေခဲ့သူများကို ဂုဏ်ပြုပန်းစည်းလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ထိုင်းသံအမတ်ကြီးနှင့်ဇနီးတို့က ဂုဏ်ပြုနေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့် အထိမ်းအမှတ်ဖြစ်သည့် ထိုင်းရိုးရာ သင်္ကြန်ပွဲတော် (Songkran) အခမ်းအနားသည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပြသသကဲ့သို့ နှစ်နိုင်ငံအကြား လူမှု၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

---

# "အကျိုးတူလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် အကြိမ်(၂၀)မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လစဉ်ဗုဒ္ဓဟူးနေ့စကားဝိုင်းကို ယနေ့ညနေပိုင်းတွင် အဆိုပါ ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ အကြိမ်(၂၀)မြောက်အဖြစ် "အကျိုးတူလယ်ယာစနစ်ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပသည်။

**စွမ်းအားပြည့် ကြိုးပမ်းကြစေလို**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်စေရန်နှင့် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်လျော့နည်းသက်သာစေပြီး တောင်သူဝင်ငွေတိုးတက်စေရန် မိမိတို့ဝန်ကြီးဌာန တာဝန်ရှိသူများဘက်က စွမ်းအားပြည့် ကြိုးပမ်းကြစေလိုကြောင်း၊ အကျိုးတူလယ်ယာစနစ်လုပ်ကိုင်ကြရာတွင် အပြန်အလှန်နားလည်ယုံကြည်မှုနှင့် စုပေါင်းဆောင်ရွက်မှုတို့ကို အရင်းခံဆောင်ရွက်ရသည်ဖြစ်၍ ကုမ္ပဏီများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် တောင်သူလယ်သမားများ၏ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေး အလွန်အရေးကြီးကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် နည်းပညာပြန့်ပွားရေးလုပ်ငန်းများက အရေးပါသကဲ့သို့ အကျိုးတူလယ်ယာစနစ် အောင်မြင်ရေးအတွက် အသိပညာပေးလုပ်ငန်းကို ပိုမိုအားစိုက်လုပ်ဆောင်ကြစေလိုကြောင်း၊ လုပ်ရင်းကိုင်ရင်းနှင့် သင်ခန်းစာများကိုလည်း ဖော်ထုတ်ကာ တစ်နှစ်ထက်တစ်နှစ် တစ်ရာသီထက်တစ်ရာသီ အတွေ့အကြုံရရှိ



ပြီး စနစ်တစ်ခုဖွံ့ဖြိုးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိန်၊ လက်ထောက်ညွှန်ကြားရေးမှူးများ ဒေါက်တာမျိုးကျော်သူနှင့် ဒေါက်တာခင်မျိုးသန့်၊ လယ်ဝေးမြို့နယ်ဦးစီးမှူး ဦးစောဝင်းတို့က မြန်မာနိုင်ငံအတွင်း အကျိုးတူလယ်ယာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အကျိုးတူလယ်ယာစနစ်ဆောင်ရွက်ခြင်းအားဖြင့် ထွက်ရှိလာသော လယ်ယာထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်များ၌ ရောင်းချရာတွင် ဈေးကွက်ပေါင်းစည်းနိုင်မှု၊ အကျိုးတူလယ်ယာစနစ်နှင့် ဆောင်ရွက်နေမှုတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်မှု၊ ကန်ထရိုက်ကုမ္ပဏီများနှင့် တောင်သူများအကြား အကျိုးအမြတ်ခွဲဝေမှု၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသော အကျိုးတူလယ်ယာစနစ်ပုံစံများနှင့် မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် အကျိုးတူလယ်ယာစနစ်၏ ကွာခြားချက်၊ အကျိုးတူလယ်ယာစနစ် ကျင့်သုံးသည့် တောင်သူလယ်သမားများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်စေရေးအတွက် ဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ အကျိုးတူလယ်ယာတွင် ရောဂါပိုးမွှား အပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့နိုင်သည့် အခက်အခဲများအပေါ် ရင်ဆိုင်ဖြေရှင်းနိုင်ရေး၊ သီးနှံပေါ်ချိန်တွင်ရှိသော ဝယ်ယူရေးစနစ်များကို တင်ပြဆွေးနွေးကြရာ အခမ်းအနားတက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ သုံးသပ်အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ထားဝယ် မေ ၅**

ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သော မြစိမ်းရောင်စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ထားဝယ်မြို့နယ် ကျေးလက်ရုံး၌ ကျင်းပသည်။

အခမ်းအနားဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးလိုင်အေးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထက်နောင်က အမှာစကားပြောကြားပြီး ထားဝယ်မြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်စိုးစိုးသီက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အကောင်းဆုံးဆုရရှိသော ဇဟာကျေးရွာအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သုံးသပ်ဆွေးနွေးပွဲသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာ ၂၃ ရွာ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းငါးရွာမှ ကျေးရွာကော်မတီဝင် ၆၄ ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**၂၂၂**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်များ အောင်မြင်စွာ တင်ပို့ပြီးစီးခဲ့သည့် အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၅**

၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်များ အောင်မြင်စွာ တင်ပို့ပြီးစီးခဲ့သည့် အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုးနှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တို့အကြား G to G စနစ်ဖြင့် ဆန်ရောင်းဝယ်နိုင်ရေးအတွက် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမအကြိမ် ဆန်တန်ချိန်တစ်သိန်းကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ် ဆန်တန်ချိန် တစ်သိန်းကို၂၀၂၁ခုနှစ်တွင်လည်းကောင်း အောင်မြင်စွာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ယခုတတိယအကြိမ် ဆန်တန်ချိန်နှစ်သိန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့် ပုဂ္ဂလိက အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာ ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ ငါးနှစ်စာချုပ် လက်မှတ် ရေးထိုးထားပြီးဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Honorable Md. Ismiel Hossail က Video Clip ဖြင့် နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန်များ အောင်မြင်စွာ တင်ပို့ပြီးစီးခဲ့သည့် အထိမ်းအမှတ်ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G အစီအစဉ်ဖြင့် ဆန်တင်ပို့ရေး လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ယခင် အစိုးရအဆက်ဆက်က ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိသော ပို့ကုန်ထောက်ပံ့ငွေအဖြစ် ယခင်နှစ်တွင် ငွေကျပ်ဘီလီယံ ၃၀ ကိုလည်းကောင်း၊ ယခုနှစ်တွင် ငွေကျပ် ၇၉ ဘီလီယံကိုလည်းကောင်း ထောက်ပံ့ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၅**

၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၄ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုပြပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစိုးရလက်ထက် ပဉ္စမအကြိမ်မြောက် ကျင်းပခဲ့သည့် ပွဲဖြစ်ပြီး ပုလဲအတွဲ ၂၉၀၊ ကျောက်မျက်အတွဲ ၇၇ တွဲနှင့် ကျောက်စိမ်းအတွဲ ၁၅၄၄ တွဲကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအနေဖြင့် ပြပွဲအကြိုကာလ၊ ပြပွဲကျင်းပစဉ်ကာလနှင့် ပြပွဲကျင်းပပြီးကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြပွဲတွင် ရောင်းချခဲ့သည့် ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ဝယ်ယူရရှိခဲ့သည့် နိုင်ငံသား ရတနာကုန်သည်များအနေဖြင့် တန်ဖိုးမြင့်ထုတ်ကုန် (Value Added) ထုတ်လုပ်စေခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး တာဝန်ရှိသူများက ကူညီပံ့ပိုးဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း၊ ပြပွဲတွင် တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများကို ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုချီးမြှင့်ခံရသူများကိုယ်စား အရာထမ်းတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေပြီး ပြည်ထောင်စုဝန်ကြီးက အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။ ယင်းနောက် ဝန်ထမ်းများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း/အမှုထမ်းပေါင်း ၂၈၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



❖ **ကျောဖုံးမှ**

အီရန်အသင်းမှာမူ အဝေးကွင်းတွင် မြန်မာအသင်းကို အကောင်းဆုံးရင်ဆိုင်ပြီး နိုင်ပွဲတစ်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို အီရန်အသင်းကလည်း ပထမပိုင်းတွင် တိုက်စစ်ထက် ဂိုးမပေးရရန် ဦးစားပေးခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများစွာရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် အီရန်အသင်းက တိုက်စစ်မြှင့်လာပြီး ၅၂ မိနစ်တွင် ချက်ရီနွန်က ခေါင်းတိုက်ကာ အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သော်လည်း အီရန်နောက်တန်းကို မကျော်နိုင်သဖြင့် အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် အီရန်အသင်းတို့၏ ဒုတိယအကျော့ကို ဧပြီ ၈ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ဓာတ်ပုံ-သော်ကြီး**

## ချောင်းဆုံမြို့နယ်၌ Table-Top Exercise လေ့ကျင့်သရုပ်ပြခြင်း ဆောင်ရွက်

**ချောင်းဆုံ ဧပြီ ၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ Table-Top Exercise လေ့ကျင့်သရုပ်ပြခြင်းကို ယနေ့နံနက် ၈ နာရီက ချောင်းဆုံအရှေ့ရပ်ကွက်ရှိ အထက ချောင်းဆုံတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့ကျင့်သရုပ်ပြခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့်လည်းကောင်း၊ အရန်မီးသတ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် လူမှုကယ်ဆယ်ရေးအသင်းများက ပူးပေါင်းလေ့ကျင့်သရုပ်ပြခြင်းများ ဆောင်ရွက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၂/၂၀၂၃)ကျင်းပ



နေပြည်တော် မေ ၅

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၂/၂၀၂၃)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသားအဆင့် လုပ်ငန်းစီမံချက် စတုတ္ထ(၃)လပတ် အစီရင်ခံစာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအနက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဝင်များအတွင်းမှ အဖွဲ့ဝင် ရှစ်ဦးဖြင့် Core Group ဖွဲ့စည်းထားရှိမှု၊ သက်တမ်းတိုး ဆောင်ရွက်မည့်အမျိုးသားအဆင့်လုပ်ငန်းစီမံချက်၏ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ခြောက်လတစ်ကြိမ် အစီရင်ခံစာရေးသားပြုစုနေမှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းထားသည့် အမျိုးသမီးကော်မတီများမှ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက Core Group ဖွဲ့စည်းရေး၊ သက်တမ်းတိုး ဆောင်ရွက်မည့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးနှင့် အစီရင်ခံစာ ရေးသားတင်ပြရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှစားသုံးဆီတင်သွင်းမှု လျှော့ချရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၅

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၃-၂၀၂၄) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အောင်မြင်စွာ အကောင်အထည်ဖော်**

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အထောက်အကူပြုအဖွဲ့လေးဖွဲ့အနေဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် မကြာမီ ထုတ်ချေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေရယူရန် အဆိုပြုလွှာတင်ပြခဲ့ကြသည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆီစက်လုပ်ငန်းရှင်များနှင့် စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ၏ တင်ပြချက်အပေါ် PMU (Project Management Unit) အဖွဲ့နှင့် ထုတ်ချေးမည့်ဘဏ်များမှ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို ချေးယူမည့် ဆီစက်လုပ်ငန်းရှင်များအနေဖြင့်လည်း ရရှိသောချေးငွေကို လုပ်ငန်းအောင်မြင်စေရန်အတွက် အကျိုးရှိရှိ ထိရောက်စွာအသုံးချသွားရန်နှင့် တစ်ဖက်တွင်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ခွင့်ပြုပေးသော ရန်ပုံငွေဖြစ်သဖြင့် အပြည့်အဝပြန်လည်ပေးဆပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒဖြစ်သည့် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှစားသုံးဆီတင်သွင်းမှု လျှော့ချရေးတို့အတွက် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ချေးငွေမူဝါဒနှင့် ချေးငွေလုပ်ငန်းစဉ်များချမှတ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ အခြားအထောက်အကူပြုအဖွဲ့များမှ ခေါင်းဆောင်များက သက်ဆိုင်ရာအဖွဲ့အလိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လုပ်ငန်းစဉ်များနှင့် သတ်မှတ်ချက်များကိုလည်းကောင်း တင်ပြကြပြီး လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး



နေပြည်တော် မေ ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာသို့ ရောက်ရှိပြီး နဝင်းချောင်း ယာယီရေထိန်းဆည် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ အဆိုပါ ရေထိန်းဆည်မှ စိုက်ပျိုးမြေဧက ၂၀၀ ကို ရေပေးဝေသွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကျီးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံပြီး နဝင်းချောင်း ယာယီရေထိန်းဆည်မှ ရေဖြင့် နွေသီးနှံများ စိုက်ပျိုးရေး၊ စိုက်ပျိုးရေး သမဝါယမအသင်း ဖွဲ့စည်း၍လာမည့် မိုးစပါးစိုက်ပျိုးရာသီတွင် အထွက်တိုးမျိုးများ စိုက်ပျိုးရေး၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်၊ တိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်းစနစ်တို့ကို အသုံးပြုစိုက်ပျိုးကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စံပြဝွေးပင်ကျေးရွာသို့ ရောက်ရှိပြီး စံပြဝွေးပင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၊ ရှားတောစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၊ ချောင်းကမ်းကြီး စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတို့မှ အသင်းသားတောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ဧက ၂၄၇ ဒသမ ၆၀ တွင် လက်ရှိစိုက်ပျိုးထားသော ပဲတီစိမ်းသီးနှံများ ရိတ်သိမ်းပြီးသည့်အခါ အထွက်တိုးမျိုးများဖြင့် မိုးစပါး ဆက်လက်စိုက်ပျိုးနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များက ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးရွာအလိုက် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကွင်းအမှတ် ၂၀၄၄ ရှိ အသင်းသားပိုင်လယ်မြေ ၉ ဒသမ ၈၈ ဧက၌ GW-11 အထွက်တိုးမျိုးစပါးများ စိုက်နည်းစနစ်သုံးမျိုးဖြင့် စမ်းသပ်စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပ





**နေပြည်တော် ဧပြီ ၅**

နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ် ဘောလုံးအသင်းများမှ နိုင်ငံ့လက်ရွေးစင် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်၊ ကျန်းမာကြံ့ခိုင်၍ စည်းလုံးညီညွတ်ကာ ဗလ ၅ တန် ဖွံ့ဖြိုးသည့် ကျောင်းသားရပ်ဝန်းဖြစ်ပေါ်လာစေရန်၊ တက္ကသိုလ်ဘောလုံးသမားများ၏ အောင်မြင်သော သမိုင်းအစဉ်အလာကို ထိန်းသိမ်းဆောင်ရွက်ရန် ရည်ရွယ်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ကျင်းပလျက်ရှိသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ် ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ယနေ့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဆရာများနှင့် ကျောင်းသားများသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (၁)၌ ပထမဆီမီးဖိုင်နယ် ပွဲစဉ်ဖြစ်သည့် ကွန်ပျူတာတက္ကသိုလ် (အထက်မြန်မာပြည်) အသင်း(ခ)နှင့် ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာ ပြည်) အသင်း(က)တို့ ယှဉ်ပြိုင်ကစားနေမှု ကို ကြည့်ရှုအားပေးသည်။ ပြိုင်ပွဲတွင် နှစ်ဖက်အသင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး မိနစ် ၉၀ အထိ တစ်ဖက်သုံးဂိုးစီ သရေကျသဖြင့် အချိန်ပို ဆက်လက်ကစားရာ တစ်ဖက်လေးဂိုးစီ ဖြင့် ထပ်မံသရေကျကာ ပင်နယ်တီအဆုံး အဖြတ်တွင် ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်) အသင်း(က)မှ ကွန်ပျူတာတက္ကသိုလ် (အထက်မြန်မာ ပြည်) အသင်း(ခ)ကို ငါးဂိုး - လေးဂိုး ဖြင့် အနိုင်ရရှိသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၃)၌ ဒုတိယဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် နည်းပညာတက္ကသိုလ် (အထက်မြန်မာ ပြည်) အသင်း(က)နှင့် နည်းပညာ တက္ကသိုလ်(အောက်မြန်မာပြည်) အသင်း (က)တို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှု အားပေးသည်။ ပွဲစဉ်မှာ ဆီမီးဖိုင်နယ်ပွဲ ဖြစ်သည်နှင့်အညီ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ မိနစ် ၉၀ တွင် တစ်ဖက် နှစ်ဂိုးစီ သရေကျနေသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်စေရာ နည်းပညာ တက္ကသိုလ် (အထက်မြန်မာပြည်) အသင်း (က)မှ နည်းပညာတက္ကသိုလ် (အောက် မြန်မာပြည်) အသင်း(က)ကို လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နှင့် တာဝန်ရှိသူများသည် ကျောင်းသား အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြဝတီရုပ်မြင်သံကြား (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့်မြဝတီစာပေတိုက် နှစ်ပတ်လည်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ






**နေပြည်တော် ဧပြီ ၅**

မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် မြဝတီစာပေတိုက် နှစ်ပတ်လည် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၌ ကျင်းပသည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့် လူထု ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ နေပြည်တော်တိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်သူ့ဆက်ဆံ ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း၊ တပ်မတော် အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား တပ်မတော် အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်း ပြိုင်ပွဲများနှင့် ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)** ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ မြဝတီရုပ်မြင်သံကြားတွင် (၁၀)နှစ်တိုင် တာဝန် ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

ဆက်လက်ပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မြဝတီစာပေတိုက်မှ ထူးချွန်ဆုရစစ်သည်၊ ဝန်ထမ်းများ၊ မြဝတီရောင်စုံခတ်ပုံပြိုင်ပွဲဆု၊ မြဝတီ၊ ငွေတာရီ၊ သုတအလင်းမဂ္ဂဇင်းတို့တွင် အကောင်းဆုံး ကာတွန်းဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆုရရှိသူများကို လည်းကောင်း၊ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေး မှူးရုံး ညွှန်ကြားရေးမှူးက မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်နှင့် သဇင်အသံလွှင့်ဌာန တို့မှ ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံအကျဉ်းထောင် စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်လှစ်

**ရန်ကုန် ဧပြီ ၅**

အကြောင်းအမျိုးမျိုးကြောင့် အပြစ်ဒဏ်၊ ထောင်ဒဏ်ကျခံနေရသည့် အကျဉ်းထောင်၊ အချုပ် ထောင်များအတွင်းရှိ လူငယ်နှင့် သက်ကြီးပိုင်းအရွယ် စာမတတ်သူများအား စာတတ်မြောက်လာစေရေး နှင့် နိုင်ငံအတွင်းရှိ စာမတတ်သူဦးရေလျှော့ချနိုင်ရေး တို့အတွက် ရည်ရွယ်ဖွင့်လှစ်သည့် စာတတ်မြောက် ရေးလုပ်ငန်း နည်းပြသင်တန်းကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံအကျဉ်းထောင်၌ ဧပြီ ၄ ရက်မှ ၇ ရက်ထိ ကျင်းပလျက်ရှိသည်။

ကျိုင်းတုံအကျဉ်းထောင် စာတတ်မြောက်ရေး လုပ်ငန်းနည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်း တွင် အဆိုပါအကျဉ်းထောင်၌ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ပညာ)၊ ပြည်နယ်ပညာရေးမှူး ရုံးနှင့် ပြည်နယ်ပညာ(ရုံးခွဲ)တို့မှ တာဝန်ရှိသူများ၊ ပြည်နယ်အကျဉ်းဦးစီးဌာန ကျိုင်းတုံအကျဉ်းထောင် တာဝန်ခံအရာရှိ၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနနှင့် ကျိုင်းတုံအကျဉ်းထောင်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ချုပ် (ပညာ)၊ ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူ နှင့် ကျိုင်းတုံအကျဉ်းထောင် တာဝန်ခံအရာရှိတို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အကျဉ်းထောင်အတွင်း ဖွင့်လှစ်မည့် စာသင်ဝိုင်းများတွင် အသုံးပြုမည့် သင်ထောက်ကူ ကားချပ်များနှင့် ဆက်စပ်ပစ္စည်းများကို ခရိုင်ပညာ ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ပေးအပ်ရာ အကျဉ်းထောင်တာဝန်ခံအရာရှိက လက်ခံရယူသည်။

ကျိုင်းတုံအကျဉ်းထောင်အတွင်း စာမတတ်သူ အကျဉ်းသား အကျဉ်းသူ ၂၃၉ ဦးကို ပြစ်ဒဏ်ကျခံဆဲ အခြေခံပညာအထက်တန်းအောင်နှင့် ဘွဲ့ရပညာ သင်ကြားဖူးသူ အကျဉ်းသား အကျဉ်းသူ စေတနာ လုပ်အားပေးနည်းပြ ၂၂ ဦးတို့က စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်ရန် ရေးဆွဲထားသည့် အစီအစဉ် များအတိုင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိ ရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များရောက်ရှိ

**နေပြည်တော် ဧပြီ ၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံး ယာဉ်အားသွင်းစက် (EV Charger) 60 KW ငါးစုံသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့ တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးယာဉ် အားသွင်းစက် များတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

# Road To A Star သရုပ်ဆောင်အနုပညာသင်တန်း ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်း




ရန်ကုန် မေ ၅

Road To A Star သရုပ်ဆောင်အနုပညာသင်တန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပရာ ဦးစွာ မြဝတီမီဒီယာစင်တာ အထွေထွေမန်နေဂျာ ဦးထွန်းထွန်းက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရန်အောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သင်တန်းနည်းပြများနှင့် သင်တန်းသားအရည်အချင်းသတ်မှတ်ချက်ကို လည်းကောင်း၊ အကယ်ဒမီ စိုးမြတ်သူဇာက သင်တန်းကာလ၊ သင်တန်းကြေးနှင့် သင်တန်းသားဦးရေသတ်မှတ်ခြင်းနှင့် လေ့ကျင့်သင်ကြားပို့ချမည့် နည်းစနစ်ပုံစံများကို လည်းကောင်း၊ အကယ်ဒမီ ရဲအောင်က သင်တန်းပို့ချမည့် ဘာသာရပ်များကို လည်းကောင်း၊ အကယ်ဒမီ မေသဉ္ဇာဦးက သင်တန်းပြီးဆုံးချိန် အလုပ်အကိုင်ဆိုင်ရာ မျှော်မှန်းချက်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ Road To A Star TVC ကို ဖွင့်လှစ်ပြသပြီး တက်ရောက်လာကြသည့် မီဒီယာများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြများက ပြန်လည်ဖြေကြားကြကာ အထွေထွေမန်နေဂျာက ကျေးဇူးတင်စကား ပြောကြားသည်။

မြဝတီမီဒီယာစင်တာသည် ဘက်စုံမီဒီယာ စွမ်းဆောင်ရည်ရှိသော ခေတ်မီအဆင့်မြင့်ရိုက်ကူးရေး စက်ကိရိယာများဖြင့် တည်ဆောက်ထားသည့် Studio များ၊ သင်ကြားရေးခန်းမများ အဆင်သင့်ရှိနေပြီး ၂၀၂၀ ပြည့်နှစ် မတ်လခန့်မှစ၍ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကြောင့် အရှိန်အဟုန်လျော့နည်းခဲ့ရသည့် အနုပညာလုပ်ငန်းများ ပြန်လည်ရှင်သန်လာစေပြီး အနာဂတ်အတွက် အနုပညာရှင်၊ အတတ်ပညာရှင် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန်၊ ကျွမ်းကျင်ထူးချွန်သော အနုပညာရှင်ကောင်းများ ပေါ်ပေါက်လာစေရန် အခြေခံမှစ၍ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်သည်။ သင်တန်းကို မေ ၂၃ ရက်မှစ၍ သင်တန်းသား ဦးရေ ၅၀ ဖြင့် အဆင့်သုံးဆင့်ခွဲကာ သင်တန်းကာလ ၁၀ လကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတွင် ပင်တိုင်နည်းပြများအဖြစ် ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်း၊ အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ မေသဉ္ဇာဦးနှင့် ပြင်ပနည်းပြများအဖြစ် ဒါရိုက်တာ အကယ်ဒမီ စင်ယော်မောင်မောင်၊ အကယ်ဒမီ ကိုကိုလေး(ဇာတ်ညွှန်းပညာ)၊ ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်) တို့အပြင် ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များက ပူးပေါင်းကူညီသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# "ပိတောက်နဲ့အတူ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသမည်




နေပြည်တော် မေ ၅

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အကြို "ပိတောက်နဲ့အတူ" တေးဂီတဖျော်ဖြေပွဲကို မေ ၇ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို "မြန်မာ့အသံတေးဂီတ" အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ထပ်ဆင့်အကယ်ဒမီ နေအောင်၊ သန်းမြတ်စိုး၊ ရသ၊ ရဲထိုက်၊ စိုးရန်အောင်၊ ကောင်းမိုးယံ၊ ကောင်းဆက်၊ နန်းစန္ဒီ၊ အိအိလှိုင်၊ ထွန်းပပအောင်နှင့် ပုလဲသန့်သွယ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို မေ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ဘားအံ မေ ၅

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များနှင့်မတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကျင်းပဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေး အထောက်အကူပြုကော်မတီဝင် ဦးမောင်မောင်က "ဒီနှစ် အတာသင်္ကြန်ပွဲတော်ကို ယခင်နှစ်နဲ့မတူအောင် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကလည်း ဒီနှစ်မှာ ယခင်နှစ်တွေက ဆောင်ရွက်ခဲ့တဲ့ လုပ်ရိုးလုပ်စဉ်မျိုးထက် ပိုမိုကောင်းမွန်တဲ့ အမြင်သစ်တွေနဲ့ကျင်းပပြီး ပြည်သူတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ရေပက်ကစားနိုင်အောင် စီစဉ်ဆောင်ရွက်သွားဖို့ လမ်းညွှန်မှာကြားထားပါတယ်။ ဒါ့ကြောင့် ဒီနှစ်သင်္ကြန်မှာ လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟိုမဏ္ဍပ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနဖျော်ဖြေရေး ရေကစားမဏ္ဍပ်၊ ရပ်ကွက် ရေကစားမဏ္ဍပ်နဲ့ စတုဒိသာမဏ္ဍပ်တွေ ဆောက်လုပ်ပြီး ဖျော်ဖြေရေးယိမ်းအကအလှတွေ၊ အနုပညာရှင်တွေ၊ တေးသံရှင်တွေနဲ့ စည်စည်ကားကားဖြစ်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။

ထို့ပြင် အတာသင်္ကြန်ပွဲတော်ကာလအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် သင်္ကြန်ယိမ်းအဖွဲ့များ၊ တစ်ပင်တိုင်အကများဖြင့် ပါဝင်ကပြ ဖျော်ဖြေကြမည်ဖြစ်ပြီး အဆိုပါယိမ်းအဖွဲ့များ၊ တစ်ပင်တိုင်အကများကို ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု အစရှိသည်ဖြင့် ထိုက်ထိုက်တန်တန် ဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုလည်း ကရင်ပြည်နယ် ကမ်းနားလမ်း တစ်လျှောက်ရှိ ခေမာလမ်းထိပ်နေရာမှ အင်ကုန်းလမ်းထိပ်နေရာအထိ ပေ ၁၀၀၀ ကျော်သတ်မှတ်ပြီး မုခ်ဦးအလှအပ၊ ပုသိမ်ထီးအလှအပများ၊ ပိတောက်ပန်းများဖြင့် တန်ဆာဆင်ပြီး သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ စည်စည်ကားကား ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ မိဘပြည်သူများအနေဖြင့် နှစ်သစ်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်စေရန် အတာသင်္ကြန်ပွဲတော်ကာလအတွင်း ပျော်ပွဲရွှင်ပွဲများ၊ စတုဒိသာမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ပွဲများ၊ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ တစ်ပင်တိုင်အကများ၊ နာမည်ကျော်တေးသံရှင်များက ရေကစားမဏ္ဍပ်များတွင် သီဆို ဖျော်ဖြေသွားမည်ဖြစ်ပြီး ရိုးရာလက်ဖွဲ့ အားကစားနည်းများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၅

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




နေပြည်တော် မေ ၅

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၁၂)ကို မေ ၇ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ သန့်ဇော်ထွန်းနှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ၂၀၂၃ ခုနှစ် မေ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၂၃၀/၃၃/၁၁ ကေဗွီ ၁၆၀ အမ်ဗွီအေ သာယာကုန်းပင်မဓာတ်အားခွဲရုံအား ဒရုန်းဖြင့် ဗုံးပစ်ချတိုက်ခိုက်မှု အခြေအနေအား သတင်းထုတ်ပြန်ခြင်း

၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်


၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏ လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကိုအခြေခံ၍ မျှတစွာခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၄-၄-၂၀၂၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် သာယာကုန်းကျေးရွာရှိ ၂၃၀/၃၃/၁၁ ကေဗွီ ၁၆၀ အမ်ဗွီအေ သာယာကုန်းပင်မဓာတ်အားခွဲရုံအား ဒရုန်းဖြင့် ဗုံးများပစ်ချတိုက်ခိုက်မှုကြောင့် ဓာတ်အားခွဲရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်းနှစ်ဦးထိခိုက်ဒဏ်ရာရရှိပြီး၊ တစ်ဦးသေဆုံးကာ၊ ဓာတ်အားခွဲရုံအတွင်းရှိ ရဲနွယ်၊ ရွှေကျင်၊ ကွန်းကျောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် ဓာတ်အား (၅၅) မဂ္ဂါဝပ်ကို ဓာတ်အားလိုင်းများနှင့် ချိတ်ဆက်ဖြန့်ဖြူးပေးလျက်ရှိသည့် ထရန်စဖော်မာများနှင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများ ထိခိုက်ပျက်စီးခဲ့ပါသည်။ အဆိုပါ ထိခိုက်ပျက်စီးခဲ့မှုကြောင့် နိုင်ငံတော်ဓာတ်အား စနစ်တစ်ခုလုံး (၂၁:၁၉) နာရီချိန်ခန့်တွင် ဓာတ်အားပြတ်တောက်ခဲ့ရပြီး ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အားပြန်လည်ရရှိရေး အမြန်ဆုံးဆောင်ရွက်ခဲ့ရာ ၅ - ၄ - ၂၀၂၃ ရက်၊ (၀၀:၄၉) နာရီတွင် ဓာတ်အားစနစ်သို့ ဓာတ်အားပုံမှန် ပြန်လည်ပို့လွှတ်ချိတ်ဆက်နိုင်ခဲ့ပါသည်။

၃။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများမှ ရည်ရွယ်ချက် ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်း (၂၂၉)ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**





၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံ၏ ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ ပျက်စီးမှုအခြေအနေမှတ်တမ်းဓာတ်ပုံ။






၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံ၏ ၂၃၀/၃၃/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ ထရန်စဖော်မာ ပျက်စီးမှုအခြေအနေမှတ်တမ်းဓာတ်ပုံ။





၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံ၏ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံသုံး ပစ္စည်းများ ပျက်စီးမှုအခြေအနေမှတ်တမ်းဓာတ်ပုံ။





၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံ၏ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံသုံး ပစ္စည်းများ ပျက်စီးမှုအခြေအနေမှတ်တမ်းဓာတ်ပုံ။





၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံတွင် ကျရောက်ပေါက်ကွဲသော ဗုံးများ မှတ်တမ်းဓာတ်ပုံ။





၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံ၏ ၃၃/၀.၄ ကေဗွီ ၅၀၀ ကေဗွီအေ ဓာတ်အားခွဲရုံသုံး ထရန်စဖော်မာနှင့် ဓာတ်အားထိန်းချုပ်ကြိုးများ ပျက်စီးမှုအခြေအနေမှတ်တမ်းဓာတ်ပုံ။

**❂ ဆီးဂိမ်း အမျိုးသားမှ**

အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိနေပြီး ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားအသင်းတို့နှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် မတ်လနောက်ဆုံးပတ်ကတည်းက စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပဏာမကစားသမား ၃၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

**ကိုညီလေး**

**❍ ဆီးဂိမ်း အမျိုးသမီးမှ**

မလေးရှား၊ အင်ဒိုနီးရှား၊ အုပ်စု (ခ)တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ရွှေတံဆိပ် ရယူနိုင်ခြင်းမရှိသေးသော်လည်း ပြီးခဲ့သည့်အကြိမ်မှလွဲ၍ ကျန်အကြိမ်အားလုံးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့သည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၁၉၈၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခုအကြိမ်တွင် (၁၃) ကြိမ်မြောက် ကျင်းပမည်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် (၁၂) ကြိမ်တွင် ဗီယက်နမ်နှင့် ထိုင်းအသင်းသာ ရွှေတံဆိပ်ရယူထားပြီး ဗီယက်နမ်အသင်းက ခုနစ်ကြိမ်၊ ထိုင်းအသင်းက ငါးကြိမ် ဗိုလ်စွဲထားသည်။ **ကိုညီလေး**

## ကျိုက်လတ်၌ မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေးသင်တန်းဖွင့်

ကျိုက်လတ် ဧပြီ ၅

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် မီးသတ် ဦးစီးမှူးရုံးတွင် ယနေ့နံနက် ၉ နာရီက စက်သုံးဆီဆိုင် အရောင်းဝန်ထမ်းများ မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်ရေးသင်တန်းဖွင့်ပွဲ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာမင်းက ကျိုက်လတ်မြို့နယ်အတွင်းရှိ တရားဝင်စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးသတိမူရေးနှင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို လက်တွေ့ကိုင်တွယ် အသုံးပြုတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ရက်တိုသင်တန်းကို ဧပြီ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦးအား စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးထံမှသိရသည်။ ၂၀၇

# ဇင်းကျိုက်ဘူတာမှ ပုဇွန်တောင်ဘူတာသို့ ထွက်ခွာလာသည့် မြန်မာ့မီးရထား ကျောက်ရထားကို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်


မိုင်းပေါက်ကွဲ၍ ရထားသံလမ်း ထိခိုက်ပျက်စီးမှု


မိုင်းပေါက်ကွဲ၍ ရထားသံလမ်း ထိခိုက်ပျက်စီးမှု

၄-၄-၂၀၂၃ ရက်နေ့က အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရထားလမ်းထိခိုက်ပျက်စီးမှု အခြေအနေ မှတ်တမ်းဓာတ်ပုံများ။

**နေပြည်တော် မေ ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့ရှိ ပြည်သူအများ၏ ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေစေရေး၊ ပြည်တွင်းထုတ်ကုန်များနှင့် နယ်စပ်ဒေသမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်ရေး စသည့်ရည်မှန်းချက်တာဝန်များချမှတ်၍ ရထားကွန်ရက်ကြီးတစ်ခုလုံးတွင် အမြန်လူစီးရထားခရီးစဉ် ၁၈ စင်း၊ စာပို့ရထားခရီးစဉ် ၁၂ စင်း၊ လူစီးကုန်တင်ရထားခရီးစဉ် ရှစ်စင်းတို့နှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ်အစင်း ၃၀ စုစုပေါင်း ရထားခရီးစဉ် ၆၈ စင်းတို့နှင့် ကုန်ရထားခရီးစဉ်များကို နေ့စဉ်စီစဉ်ပြေးဆွဲလျက်ရှိသကဲ့သို့ ရထားလမ်းပိုင်းများ ကြံ့ခိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် ကျောက်ရထားများ၊ အင်ဂျင်နီယာရထားခရီးစဉ်များဖြင့်လည်း သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ မွန်ပြည်နယ် ဇင်းကျိုက်ဘူတာမှ ဌာန၏ လမ်းခင်းကျောက်များ သယ်ယူ၍ မေ ၄ ရက် နံနက်ပိုင်းက ဇင်းကျိုက်မှ ထွက်ခွာလာသည့် ရထားအမှတ်(၆၈၄)အစုန် ကျောက်ရထားသည် သထုံမြို့နယ် ရင်းငြိမ်ဘူတာနှင့် သထုံဘူတာအကြား မိုင်တိုင်အမှတ်၊ ၁၃၉/၂-၁ သို့ မွန်းတည့် ၁၂ နာရီ ၁၀ မိနစ်တွင် ဖြတ်သန်းစဉ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် စက်ခေါင်းရှေ့ မိုင်းကာတွဲ WBXHV 14375 ၏ အောက်တည့်တည့်မှ ပေါက်ကွဲမှုဖြစ်ပွားပြီး အရှေ့ဘက်သံလမ်း တစ်ပေခွဲခန့် ပြတ်ထွက်ခဲ့ကာ အနောက်ဘက်သံလမ်း တစ်ပေခွဲခန့် ဗိုက်သားကွဲ၊ ကွန်ကရစ်ဇလီဖားတစ်တုံး ပျက်စီးခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များ၏ မိုင်းထောင်ထားသည့် ရည်ရွယ်ချက်မှာ သံလမ်းနှစ်ဖက်စလုံး ပြတ်ထွက်၍ ရထားတိမ်းမှောက်ပြီး ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့စေရန် ဖြစ်သော်လည်း အရှေ့ဘက်သံလမ်းတစ်ဖက်သာ တစ်ပေခွဲခန့် ပြတ်ထွက်ကာ အခြားတစ်ဖက်မှာ သံလမ်းဗိုက်သားကွဲမှုသာဖြစ်ပေါ်ခဲ့သဖြင့် ရထားထိခိုက်ပျက်စီးမှုမရှိဘဲ ဆက်လက်ထွက်ခွာနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျောက်ရထားမှာ သထုံဘူတာသို့ မွန်းတည့် ၁၂ နာရီ ၁၈ မိနစ်တွင် ရောက်ရှိခဲ့ပြီး ရထားလမ်း အနည်းငယ် ပျက်စီးမှုအပေါ် လမ်းပိုင်းပြုပြင်ကာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ မှစ၍ ရထားများ ပုံမှန်ပြန်လည် ပြေးဆွဲပေးနေပြီဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထား၏ ရန်ကုန်-ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ရထားလမ်းများ၊ တံတားများအား ရည်ရွယ်ချက်ရှိရှိဖြင့် တံတားမိုင်းခွဲခံရမှု ခြောက်ကြိမ်၊ သံလမ်းမိုင်းခွဲခံရမှု လေးကြိမ်၊ လက်လုပ်မိုင်းပေါက်ကွဲ/ တွေ့ရှိမှု ခြောက်ကြိမ် စုစုပေါင်း ၁၆ ကြိမ်နှင့် ဘူတာ/ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း တစ်ကြိမ်တို့ကို ကျူးလွန်ခဲ့ကြသည်။

ထို့အတူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း အကြိမ် ၁၁၀၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၃၇ ကြိမ်၊ ဘူတာများအား မီးရှို့ဖျက်ဆီးခြင်း ၁၁ ကြိမ်တို့ကို ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကအားထားနေရသည့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတွင် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ ပြေးဆွဲမှု နှောင့်နှေးကြန့်ကြာစေရေး၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်စေရေး အတွက်သာမက ပြည်သူလူထုအတွက် ရထားလမ်းစနစ် ပိုမိုကြံ့ခိုင်တောင့်တင်းလာအောင် စီစဉ်ဆောင်ရွက်နေသည့် ဌာနပိုင်လမ်းခင်းကျောက်သယ်ဆောင်သည့် ရထားခရီးစဉ်များကိုပါ ယုတ်မာရက်စက်စွာ အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန်နေကြသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ဒေသခံပြည်သူတစ်ရပ်လုံးမှ စက်ဆုပ်ရွံရှာပြီး ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၃ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ/ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် ယခုနှစ်မှ နေပြည်တော်တွင် စတင်ပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ အများပြည်သူ ဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့ သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ထိုသို့အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၁၀ | ၂၂၉၀ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၅ | ၂၈၁၀ |
| 95 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၄၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၃၅ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၄၅ | ၃၀၀၀ |
| HSD (50 ppm) | ၂၂၁၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၁၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၂၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၁၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၁၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၂၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၂ | ၂၂၁၉ |
| 95 Ron | ၂၁၉၂ | ၂၂၆၉ |
| HSD (500 ppm) | ၂၀၂၃ | ၂၀၉၃ |
| HSD (50 ppm) | ၂၀၉၇ | ၂၁၆၉ |
| HSD (10 ppm) | ၂၀၉၇ | ၂၁၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၀၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၉၃,၉၁၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၈၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၄-၄-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၈၅,၁၆၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၇,၆၄၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၄-၄-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၈၅,၁၆၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၇,၆၄၉ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# လျှပ်စစ်သင်တန်းမှနည်းပညာများနှင့် မိမိတို့၏ စိတ်ကူးစိတ်သန်းအကြံဉာဏ်များဖြည့်စွက်၍ တီထွင်ကြံဆလုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်

**ဘားအံ ဧပြီ ၅**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီခန့်က ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ဘားအံ) ၌ ကျင်းပသည်။

**စွမ်းစွမ်းတမံ ဆောင်ရွက်**

အဆိုပါသင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လျှပ်စစ်သင်တန်းမှနည်းပညာများနှင့် မိမိတို့၏ စိတ်ကူးစိတ်သန်းအကြံဉာဏ်များ ဖြည့်စွက်၍ တီထွင်ကြံဆလုပ်ကိုင်နိုင်ခြင်းဖြင့် သင်တန်းသားများ အလုပ်အကိုင် အခွင့်အလမ်းများ မလွဲမသွေရရှိလာမည်ဖြစ်ရာ ရပ်ရွာအကျိုး၊ ဒေသအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းတွင် သင်ကြားပို့ချချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း သင်တန်းသားများကိုယ်တိုင်ဆောင်ရွက်ထားသော အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း ပုံစံငယ်များကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း နွေရာသီအားကစားသင်တန်းဆင်းပွဲ တက်ရောက်

**စစ်တွေ ဧပြီ ၅**

ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်သော နွေရာသီအားကစားသင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းက စစ်တွေမြို့ ဓညဝတီအားကစားခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက မျိုးဆက်သစ်လူငယ်များ အားကစားဖြင့် နိုင်ငံတော်ကို အကျိုးပြုနိုင်သော ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံတော်သော လူငယ်များဖြစ်လာစေရေး၊ ယခုဖွင့်လှစ်သင်ကြားခဲ့သည့် သင်တန်းမှ ရရှိလာသော နည်းစနစ်များနှင့် ကျွမ်းကျင်မှုများကို အခြေခံပြီး အဆင့်မြင့် အားကစားပညာရပ်များကို ဆက်လက်လေ့လာ လိုက်စားကာ အားကစားဖြင့် ပြည်နယ်၏ဂုဏ်၊ နိုင်ငံတော်၏ ဂုဏ်ကိုဆောင်နိုင်သော အားကစားသမားများ ဖြစ်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက အားကစားနည်းအလိုက် သင်တန်းဆင်းလက်မှတ်၊ အားကစားဝတ်စုံနှင့် အားကစားအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းနည်းပြများအား ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ Physical Fitness Dance နှင့် အားကစားနည်းအလိုက် အားကစားသမားများက သရုပ်ပြသကစားကြသည်။

ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ယခုသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ တင်းနစ်၊ မြန်မာ့သိုင်း၊ ရိုးရာလက်ဝှေ့၊ ဘတ်စကက်ဘော၊ တိုက်ကွမ်ဒို၊ အေရိုးဗစ်နှင့် Physical Fitness Dance၊ ကရာတေးဒို၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ခရစ်ကက်၊ ဗိုဗီနမ်၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ စစ်တုရင် စသည့် အားကစားနည်း ၁၆ မျိုး၏ အခြေခံနည်းစနစ်ပိုင်းဆိုင်ရာများကို ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# “ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူခြင်း” အတွက် အသိပေးကြေညာချက်

၁။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားရန်အမိန့်အမှတ်(၆၃/၂၀၂၀) အရ ဒုတိယအဆင့်ဖွင့်လှစ်မည့် ၂၀၂၃ ခုနှစ် ဧပြီလ ၃ ရက်နေ့မှစ၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်လျှောက်လွှာများကို မူပိုင်ခွင့်ဦးစီးဌာန၏ လျှောက်လွှာလက်ခံသည့်နေရာများတွင် လာရောက်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၂။ ထိုသို့လျှောက်ထားရာတွင် လျှောက်ထားသူများ လျင်မြန်လွယ်ကူစွာနှင့် အချိန်ကုန်သက်သာစေရန် ရည်ရွယ်၍ မူပိုင်ခွင့်ဦးစီးဌာန Website ၏ (www.ipd.gov.mm) အီလက်ထရောနစ် ဝန်ဆောင်မှုများ (e-Services) ကဏ္ဍအောက်တွင် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ရက်ချိန်းရယူနိုင်သည့်စနစ်ကို ဆောင်ရွက်ထားရှိပါသည်။ ရက်ချိန်းရယူနိုင်ရန် ဆောင်ရွက်မှုအဆင့်ဆင့်ကို အောက်ပါအတိုင်း လုပ်ဆောင်ရမည်ဖြစ်ပါသည်-

(က) မူပိုင်ခွင့်ဦးစီးဌာန၊ Website (www.ipd.gov.mm) ၏ မူလစာမျက်နှာ (Home Page) ရှိ အီလက်ထရောနစ် ဝန်ဆောင်မှုများ (e-Services) သို့ ဝင်ရောက်ပါ၊

(ခ) လျှောက်လွှာလက်ခံမည့် ရုံးနေရာကို ရွေးချယ်ပါ၊ (နေပြည်တော်၊ ရန်ကုန်)

(ဂ) လာရောက်လျှောက်ထားလိုသည့် နေ့ရက်ကို ရွေးချယ်၍ လျှောက်လွှာအရေအတွက်ကို ဖြည့်စွက်ပါ၊

(ဃ) လာရောက်လျှောက်ထားမည့်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာတို့ကို ဖြည့်စွက်ပါ၊

(င) အချက်အလက်များအားလုံး ဖြည့်စွက်ပြီးပါက Submit Button ကိုနှိပ်၍ ရက်ချိန်းရယူနိုင်ပြီဖြစ်ပါသည်။

(စ) ရက်ချိန်းရယူသူ၏ အီးမေးလ်သို့ မူပိုင်ခွင့်ဦးစီးဌာန အီးမေးလ် deptip.infotech@ipd.gov.mm မှ ရက်ချိန်းရယူခြင်းကို လက်ခံရရှိကြောင်း အကြောင်းကြားစာကို ပြန်လည်ပေးပို့ပေးမည်ဖြစ်ပါသည်။

၃။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားရန် ရက်ချိန်းရယူသည့်စနစ်နှင့်စပ်လျဉ်း၍ မေးမြန်းလိုပါက အောက်ဖော်ပြပါ Help desk များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

| | |
|---|---|
| နေပြည်တော် | ရုံးအမှတ်(၅၂)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၄၃၀၅၉၄ |
| ရန်ကုန်ရုံးခွဲ | အမှတ်(၂၂၈) / ၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၈၃၈၀၂၆၅ |
| မန္တလေးရုံးခွဲ | ၃၅ လမ်းနှင့် ၆၃ x ၆၄ လမ်းကြား၊ ပို့ကုန်သွင်းကုန်ရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ |
| မှတ်ချက်။ | ။ အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)အား ၂၀၂၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့မှ စတင်ဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ |

(မူပိုင်ခွင့်ဦးစီးဌာန)

## ကုန်သွယ်/စီးပွား

### စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါး/ဆန်စျေးနှုန်းစျေးကွက်

**စစ်ကိုင်း ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ရေဦးခရိုင်နှင့် ကသာခရိုင်တို့တွင် စပါး/ဆန်စျေး အနည်းငယ်တက်နေပြီး ကျန်ခရိုင်များတွင် စျေးအေးနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧပြီလ(ပထမ)ပတ်တွင်ဖြစ်ပေါ်နေသော စပါး/ဆန် စျေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၂၀၀၀၀၀၊ ပေါ်ဆန်း(ဆန်)(သစ်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ရောမင်း(စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၇၅၀၀၀၀၊ ရောမင်း(ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ပေါ်ဆန်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၅၀၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ရောမင်း(စပါး) (သစ်) တင်း ၁၀၀ လျှင် ၁၆၅၀၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ဧည့်မထ(စပါး)(သစ်) တင်း ၁၀၀ လျှင် ၁၄၀၀၀၀၀၊ ဧည့်မထ(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၀၀၀၀၊ ငစိန်(စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ ငစိန်(ဆန်)(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ ရောမင်း(စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ရောမင်း(ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်တွင် မှော်ဘီ(၂)(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ မှော်ဘီ(၂)(သစ်) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ ဆင်းကေရီ(၃) (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ ဆင်းကေရီ-၃(သစ်) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ ရောမင်း (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ရောမင်း(ဆန်)(သစ်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာမြို့တွင် ရောမင်း(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်မှာ ကျပ် ၇၀၀၀၀၊ ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ရောမင်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ မနောသုခ (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ မနောသုခ (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၅၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူမြို့တွင် ရောမင်း(စပါး) (သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်မှာ ကျပ် ၇၀၀၀၀၊ ပေါ်ဆန်း(စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။



### ရွှေဘိုစျေးကွက်၌ ကုလားပဲစျေးနှုန်း တည်ငြိမ်နေ

**ရွှေဘို ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များတွင် စိုက်ပျိုးထားသော ကုလားပဲများမှာ ဖေဖော်ဝါရီလ တတိယပတ်မှစတင်၍ ရွှေဘိုစျေးကွက်သို့ ဝင်ရောက်လာပြီး မတ်လကုန်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ရွှေဘိုစျေးကွက်သို့ မူးမြစ်ဝှမ်းဒေသများဖြစ်သည့် ဝက်လက်မြို့နယ်နှင့် ရွှေဘိုမြို့နယ်အနောက်ဘက်ခြမ်းရှိ ကျေးရွာများမှ ကုလားပဲများ အများဆုံးဝင်ရောက်လျက်ရှိပြီး ယခုအပတ်တွင် ကုလားပဲ(V2)တစ်မျိုးတည်းသာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စျေးနှုန်းအနေဖြင့် မတ်လနောက်ဆုံးပတ်အတွင်း ကုလားပဲစျေးနှုန်းများမှာ ကုလားပဲ (V2) တစ်တင်းလျှင် ငွေကျပ် ၆၈၀၀၀ ဖြစ်ပြီး ကုလားပဲ တင်း ၁၈၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်အပတ် စျေးနှုန်းပေါက်စျေးမှာ ကုလားပဲ (V2) တစ်တင်းလျှင် ငွေကျပ် ၆၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ယခုအပတ်တွင်လည်း စျေးနှုန်းပြောင်းလဲမှုမရှိဘဲ စျေးနှုန်းတည်ငြိမ်နေပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

### ရွှေဘိုခရိုင်၌ မြေပဲလုံးဆန်စျေးနှုန်း တည်ငြိမ်နေသော်လည်း အရောင်းအဝယ်ဖြစ်နေ

**ရွှေဘို ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း စိုက်ပျိုးထားသော ဆောင်းမြေပဲများ ရိတ်သိမ်းပြီးစီး၍ ဖေဖော်ဝါရီလ(စတုတ္ထပတ်)မှ စတင်ပြီး ရွှေဘိုစျေးကွက်သို့ မြေပဲလုံးဆန်များ စတင်ဝင်ရောက်လာကြောင်း၊ မတ်လ(စတုတ္ထပတ်)အတွင်း မြေပဲလုံးဆန် တစ်တင်းလျှင် ငွေကျပ် ၉၉၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မြေပဲလုံးဆန် ၅၂၅ တင်း အရောင်းအဝယ်ဖြစ်ခဲ့သည်။



ယခင်နှစ်ကာလတူ၌ မြေပဲလုံးဆန်တစ်တင်းလျှင် ငွေကျပ် ၆၀၈၀၀ ပေါက်စျေးရှိခဲ့ပြီး ယခုနှစ်မတ်လ(စတုတ္ထပတ်)၌ မြေပဲလုံးဆန် တစ်တင်းလျှင် ငွေကျပ် ၉၉၂၀၀ ပေါက်စျေးရှိခဲ့သဖြင့် ယခင်နှစ်ကာလတူနှင့် စျေးနှုန်းနှိုင်းယှဉ်ပါက ယခုနှစ်တွင်ယခင်နှစ်ထက် တစ်တင်းလျှင် ငွေကျပ် ၃၈၄၀၀ စျေးနှုန်းပိုမိုခဲ့ကြောင်း၊ ယခင်အပတ်နှင့် ယခုအပတ်စျေးနှုန်းများတူညီနေပြီး စျေးနှုန်းတည်ငြိမ်နေသော်လည်း ဝင်ရောက်သည့် မြေပဲလုံးဆန်များအားလုံး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

### MCCIA’s Pune Expo 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များပါဝင်ပြသရန် ဖိတ်ကြား

**ရန်ကုန် ဧပြီ ၅**

အိန္ဒိယနိုင်ငံ ပူနေးမြို့တွင် မဟာရတ်တာ လယ်ယာ၊ စက်မှုလက်မှုနှင့် ကုန်သည်လုပ်ငန်းရှင်များအသင်း (Maharatta Chamber of Commerce, Industries and Agriculture – MCCIA) က ဦးစီး၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ MCCIA’s Pune Expo 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲတွင် အဆင့်မြင့်နည်းပညာများ၊ ထုတ်ကုန်ပစ္စည်းများ၊ မော်တော်ယာဉ်၊ စက်မှုပညာ၊ လျှပ်စစ်ပစ္စည်း၊ လျှပ်စစ်ကားများ၊ စက်ယန္တရားများနှင့် အပိုပစ္စည်းများ၊ နည်းပညာဆိုင်ရာအသုံးပြုနည်းများ၊ သုတေသနနှင့် တီထွင်ထုတ်လုပ်မှုများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုအသစ်များအား မိတ်ဆက်ပြသခြင်းများနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပြင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်နိုင်ကြောင်း သိရသည်။

### တောင်ငူမြို့၌ ပေါ်ဦးပေါ်ဖျား ပြောင်းဖူးများ စျေးကောင်းရ

**တောင်ငူ ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရှမ်းဝတီးကျေးရွာတွင် ပြောင်းသီးနှံများစိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသောပြောင်းဖူးများကို အခင်းစျေးတစ်ဖူးလျှင် ငွေကျပ် ၂၅၀၊ ၁၀ ဖူးလျှင် ငွေကျပ် ၂၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ တောင်ငူမြို့ ညောင်ပင်စျေးတွင် တစ်ဖူးလျှင် ငွေကျပ် ၃၀၀ ဖြင့် အရောင်းသွက်နေပြီး ရှမ်းဝတီးကျေးရွာမှ ပြောင်းဖူးများ ပေါ်ဦးပေါ်ဖျားတွင် စျေးကောင်းရကြောင်း သိရသည်။

တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ပြောင်းဖူးမျိုး (ရှူးဂါးကင်းမျိုး)၊ သွင်းအားစု၊ လုပ်သားခ၊ ရိတ်သိမ်းစရိတ်အပါအဝင် စုစုပေါင်း ငွေကျပ် ၆၃၅၀၀၀ ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ကြွက်ဖျက်ဆီးမှုမရှိလျှင် ပြောင်းဖူး ၁၁၂၀၀ ထွက်ရှိရာ အကျိုးအမြတ်အနေဖြင့် ငွေကျပ် သိန်း ၂၀ ခန့်ရရှိကြောင်းနှင့် စျေးကွက်အနေဖြင့် တောင်ငူခရိုင်အတွင်းသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ် - စီးပွား / ကူးသန်း

## တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကြီးကြပ်မှုအောက်ရှိ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းရှေ့ဂိတ်(၁)နှင့် ဂိတ်(၄)အကြား ယာဉ်ရပ်နားကွင်းကားပါကင်တွင် ယာဉ်ရပ်နားခကောက်ခံသည့် လုပ်ငန်းကိုတင်ဒါစနစ်ဖြင့် အငှားချထားမည်ဖြစ်သည့်အတွက် တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲရုံး၊ (၇)လွှာရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေးဌာနခွဲတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်း နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေးဌာနခွဲသို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

| | |
|---|---|
| တင်ဒါရောင်းချမည့်ရက် | - ၆-၄-၂၀၂၃ (ကြာသပတေးနေ့) |
| တင်ဒါအရောင်းပိတ်မည့်ရက် | - ၂၄-၄-၂၀၂၃ (တနင်္လာနေ့) (၁၃:၀၀)နာရီ |
| တင်ဒါကျင်းပမည့်နေ့ရက် | - ၂၆-၄-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀နာရီ) |
| တင်ဒါကျင်းပမည့်နေရာ | - မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

Victoria Agency (Yangon) Co.,Ltd. ၏ နုတ်ထွက်ဒါရိုက်တာများဖြစ်သော ဦးအောင်သူရွှေ [၁၂/ဒဂန(နိုင်)၀၀၂၂၇၆]နှင့် ဒေါ်နှင်းစပယ်ဆွေ [၁၂/ဒဂန(နိုင်)၀၂၂၆၂၇]တို့ (၂)ဦး နုတ်ထွက်ခြင်းကိစ္စအားကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် (၁၄)ရက်အတွင်း ကန့်ကွက်ရန်မရှိပါက နုတ်ထွက်ခြင်းကိစ္စကို အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Victoria Agency (Yangon) Co.,Ltd.**

## ပန်ကြားလွှာ

- ယခင် လှည်းကူး(ဆရာအတတ်သင်ကျောင်း+ပညာရေးကောလိပ်) တပည့်ဟောင်းများ ဦးဆောင်ကျင်းပသည့် မြတ်ဆရာ ပူဇော်ပွဲကို (၂၀၀၉)ခုနှစ်မှ (၂၀၁၉)ခုနှစ်ထိ (၁၁)ကြိမ်တိုင် နှစ်စဉ်ကျင်းပခဲ့ပါသည်။
- ယခုအခါ လှည်းကူး (ဆရာအတတ်သင်ကျောင်း+ပညာရေးကောလိပ်) တပည့်ဟောင်းများ ဦးဆောင်ကျင်းပသည့် မြတ်ဆရာပူဇော်ပွဲကို ဆက်လက်ကျင်းပနိုင်ခြင်း မရှိသေးပါကြောင်း ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ရိုသေလေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။
- နောင်မြတ်ဆရာပူဇော်ပွဲကျင်းပနိုင်လျှင် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား ကြိုတင်အကြောင်းကြား၍ ဖိတ်ကြားပါမည်။

**လှည်းကူး(ဆရာအတတ်သင်ကျောင်း+ပညာရေးကောလိပ်) တပည့်ဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဆားငံကျောင်းလမ်း၊ အမှတ် (၁၆/A)၊ မြေညီထပ်(ခြေရင်းခန်း)ဟုခေါ်တွင်သော (အလျား ၁၈ပေ x အနံ ၅၀ပေ) အကျယ်အဝန်းရှိ လူနေတိုက်ခန်းအား ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်အယ်နာမြင့်လွင် [၁၂/ဥကတ(နိုင်)၁၈၇၄၅၉]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းအေး [၁၂/တမန(နိုင်)၀၁၁၃၅၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးစုကြည် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၆)**

**ဒေါ်နီလာအေး(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၄၅၁၂)**

**၀၉-၄၃၁၇၁၆၅၉**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဘိလပ်မြေ | ၁၅၀၉၂၂၆ အိတ် | ၄။ | ကတ္တရာ/ရေရောကတ္တရာ | ၅၀၀၀/၂၀၀ တန် |
| ၂။ | ဒီဇယ်ဆီ/ပရီမီယံ/ ဓာတ်ဆီ | ၅၁၁၈၀၀/၈၅၀၀၀/ ၃၅၀၀၀ ဂါလန် | ၅။ | သံချောင်းလုံးအရွယ်စုံ | ၁၅၀၇.၈၂၅ တန် |
| ၃။ | မြစ်ကျောက်စရစ်/မြစ်သဲကြမ်း/ လိပ်သဲကျောက် | ၁၆၅၀၀/၉၃၀၀/ ၁၆၁၀၀ ကျင်း | ၆။ | Bill Printer | ၂ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၄-၂၀၂၃ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို ၂၁-၄-၂၀၂၃ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၃)(A-6)၊ ၅လွှာ(ခေါင်းရင်းခန်း) ဟုခေါ်တွင်သော လူနေတိုက်ခန်းအား ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်တင်အေးရီ [၁၂/ဒဂန(နိုင်) ၀၁၉၉၆၅]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်သူဟိန်း [၁၄/ပသန(နိုင်)၂၅၈၄၈၃]နှင့် ဒေါ်ဝင်းသန္တာဆွေ [၁၂/သလန(နိုင်) ၁၅၆၅၁၆]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးစုကြည် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၆)**

**ဒေါ်နီလာအေး(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၄၅၁၂)**

**ဖုန်း- ၀၉-၄၃၁၇၁၆၅၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဖုန်ဂန်ထုဒင် [၁/မကန (နိုင်) ၁၄၅၃၁၇]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၀၁၇၉၈၉၆**


## ပတ်စ်ပို့ပျောက်

ကျွန်မ မဂျော်ဆိုင်းဘူ [၁/မကန (နိုင်) ၀၉၈၃၆၂]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၈၉၁၀၉၉၂၆**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား အသိပေးကြေညာချက်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ယနေ့တိုင်ဖွဲ့စည်းထားသော Beauty World Industrial Co.,Ltd သည် အောက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-












**BOSS NEW B 5004**
**MATHEMATICAL SET FOR STUDENT**
**စာချုပ်အမှတ်- ၂၉၂၇/၂၀၁၃(၁၃-၃-၂၀၁၃)**

**BOSS OXFORD**
**SET OF MATHEMATICAL INSTRUMENT**
**စာချုပ်အမှတ်- ၂၉၂၅/၂၀၁၃(၁၃-၃-၂၀၁၃)**

အထက်ဖော်ပြပါ "BOSS NEW B 5004 MATHEMATICAL SET FOR STUDENT" အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် "BOSS OXFORD SET OF MATHEMATICAL INSTRUMENT" အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ထုပ်ပိုးပစ္စည်းများ၊ ကြော်ငြာတံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်းများ၊ စာရေးကိရိယာအစရှိသည်တို့ပေါ်တွင် ဖော်ပြပါတံဆိပ်အမှတ်အသားကိုရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချီ ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်ကမျှ ပုံတူပုံမှား ထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူရလိမ့်မည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်ရီရီတင် (စဉ်-၁၉၉၅)** — **တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်**

**ဒေါ်ညိုမာမြင့်(စဉ်-၁၄၈၄၉)** — **တရားလွှတ်တော်ရှေ့နေ**

**ရုံး- အမှတ်(၈၉)၊ (၃၈)လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း- ၀၉-၅၀၁၈၃၄၅**

## "သက်ဆိုင်သူများနှင့်အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ဂျွန်ဘက်စ်ကို [၁၂/လမတ(ဧည့်)၀၀၀၈၄၂] ကိုင်ဆောင်သူ အမှတ်-၁၆(အေ)၊ ရေတွင်းလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

(၇-၈-၂၀၂၂)ရက်တွင် ကွယ်လွန်ခဲ့သော အလက်ဇန္ဒားပီတာ [၁၂/လမတ(ဧည့်)၀၀၀၈၄၀]သည် ကျွန်ုပ်မိတ်ဆွေနှင့် ညီအစ်ကိုအရင်းတော်စပ်ကြပြီး ၁၉၈၇ ခုနှစ်မှစတင်၍ စက္ကူ၊ ပုလင်းအဟောင်းရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ရာ ၎င်းကွယ်လွန်သည့် အချိန်တွင် နှစ်ဦးပိုင် မရွှေ့မပြောင်းနိုင်သော အောက်ပါပစ္စည်းများ ကျန်ရှိခဲ့ပါသည်။ အဆိုပါ ပစ္စည်းများနှင့် ပတ်သက်၍ အလုံခရိုင် တရားရုံးတော်၌(၂၇-၂-၂၀၂၃)ခုနှစ် နှစ်ဦးသဘောတူဝန်ခံထားသည့်အတိုင်း ပိုင်ဆိုင်မှုများ၏ တစ်ဝက်တိတိအား လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုထားပြီဖြစ်ပါသည် -

သို့ဖြစ်ပါ၍ မည်သူမဆို အောက်ဖော်ပြပါပစ္စည်းများနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်းနှင့် အခြားသော နည်းလမ်းများဖြင့် လွှဲပြောင်းမှုမပြုလုပ်ရန် တားမြစ်လိုက်ပါသည်-

**နှစ်ဦးပိုင်ပစ္စည်းစာရင်းမှာ**

(၁) အမှတ်၁၆/အေ၊ ရေတွင်းလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ (၁၅ပေx ၅၀ပေ)ရှိ မြေညီတိုက်ခန်း။

(၂) အမှတ်-၅၆၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိလက်ရှိစက္ကူ၊ ပုလင်းအဟောင်းရောင်းဝယ်ရေးဆိုင်။

(၃) အမှတ်-၉၇၊ ဝါးတန်းလမ်း၊ စလွှာ၊၂ရပ်ကွက်၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ အခန်း(၁)ခန်း။

(၄) (က) ဆိုင်အမှတ် – C 200 (၂၀ပေx ၃၀ပေ) ဆိုင်ခန်း၊ ရေနံချောင်းလမ်းမ၊ တောင်ဒဂုံစက်မှုဇုန်

(ခ) ဆိုင်အမှတ်-D-184(၁၀ပေ x ၁၅ပေ)ဆိုင်ခန်း၊ ရေနံချောင်းလမ်းသွယ်(၃) တောင်ဒဂုံစက်မှုဇုန်

(ဂ) ဆိုင်အမှတ်-D-185(၁၀ပေ x ၁၅ပေ)ဆိုင်ခန်း၊ ရေနံချောင်းလမ်းသွယ်(၃) တောင်ဒဂုံစက်မှုဇုန်

(ဃ) ဆိုင်အမှတ်- C-252 (၂၀ပေ x ၃၀ပေ)ဆိုင်ခန်း၊ မလွန်းလမ်းသွယ်(၄) တောင်ဒဂုံစက်မှုဇုန်

အဆိုပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲလွှဲပြောင်းခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ ရောင်းချခြင်း မပြုလုပ်ရန်တားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ထားသည့်ကြားမှ ဆောင်ရွက်မှုများရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သွဲ့သွဲ့လေး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်- ၁၂၈၇၅/၉-၄-၁၉၈၆)**
**၁၇/၂၁၊ ၃၅လမ်း(အောက်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၆၅၀၁၅၄၃၊ ၀၉-၃၁၁၅၃၃၄၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂/ယမုံနာ- ၁၊ မြေကွက်အမှတ်- ခ/၂၁၄၊ ဧရိယာ (၀.၀၂၈) ဧက၊ မြေကွက်တည်နေရာအမှတ် (၂၈၅)၊ ၁၃-လမ်း၊ ယမုံနာ- ၁ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးခင်စိန် [၁၂/ဒပန(နိုင်)၀၂၃၁၁]၊ ဒေါ်ခင်ဖြူ [၁၂/ဒပန(နိုင်)၀၁၉၀၈၁]၊ ဒေါ်သန်းအေး [၁၂/ဒပန(နိုင်)၀၁၉၀၇၉]၊ ဦးစိန်ညွှန့် [၁၂/ဒပန(နိုင်)၀၁၉၀၈၂] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (၄)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်စိန်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအား ဇနီးဖြစ်သူ ဒေါ်စန်းစန်းကြည် [၁၂/ဒပန(နိုင်)၀၂၃၂၈]မှလည်းကောင်း၊ ပူးတွဲအမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိန်ညွှန့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအား ဇနီးဖြစ်သူ ဒေါ်သန်းသန်းနွယ် [၁၂/ဒပန(နိုင်)၀၀၉၆၃၉] မှလည်းကောင်း၊ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားသောဇနီးမယား တစ်ယောက်မျှမရှိကြောင်းတင်ပြ၍ ကျန်အမည်ပေါက်များဖြစ်ကြသော ဒေါ်ခင်ဖြူ [၁၂/ဒပန(နိုင်)၀၁၉၀၈၁]၊ ဒေါ်သန်းအေး [၁၂/ဒပန (နိုင်) ၀၁၉၀၇၉]တို့နှင့် ပူးတွဲ၍ ဂရန်မူရင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ ဦးခင်စိန်၏ သေစာရင်းနှင့် ဦးစိန်ညွှန့်၏ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၃-၂၀၂၄) ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန သည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော လူနာတင်ယာဉ် **(Ambulance)** များအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် **–2DMS/2023–2024 (L)** အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါ လက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ- ၇-၄-၂၀၂၃ ရက် (သောကြာနေ့) စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့် – ၂၈-၄-၂၀၂၃ ရက်
အချိန် မွန်းတည့် (၁၂:၀၀) နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် – ၀၆၇-၃၄၁၁၅၄၄၊၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၃-၂၀၂၄) ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန သည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် **–1DMS/2023–2024 (L)** အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါ လက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ- ၇-၄-၂၀၂၃ ရက် (သောကြာနေ့) စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့် – ၂၈-၄-၂၀၂၃ ရက်
အချိန် မွန်းတည့် (၁၂:၀၀) နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် – ၀၆၇-၃၄၁၁၅၄၄၊၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၂)ချစ်ကြည်ရေးတံတားလမ်းမ၊ ကွင်းအမှတ်(၅၃-ဘီ-၁ မြဝတီအပြင်)ရှိ ဦးပိုင်အမှတ် (၆/၁-စ)၊ ဧရိယာ(၁. ၀၀)ဧက၊ ဦးပိုင်အမှတ်(၆/၁-ခ/၂)၊ ဧရိယာ(၀. ၃၃)ဧကနှင့် ဦးပိုင်အမှတ်(၆/၁-င)၊ ဧရိယာ(၀. ၅)ဧက၊ စုစုပေါင်းဧရိယာ (၁. ၈၃)ဧကရှိ ဂရန်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်(၃)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးခင်မောင်ကြီး(၁၂/ကမတ(နိုင်)၀၄၆၉၇၁)အမည်ဖြင့် နှစ်(၉၀)မြေငှားဂရန်စာချုပ်နှင့် မြဝတီမြို့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတို့တွင် အမည်ပေါက်၍ လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားခွင့်ရလျက်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အဆိုပြုလျက်ကျွန်ုပ်တို့၏မိတ်ဆွေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ လက်ရောက်လွှဲပြောင်း ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်းဝယ်ယူရန်သဘောတူသည့်အတွက်အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါဂရန်မြေကွက်(၃)ကွက်နှင့်ပတ်သက်၍ ဥပဒေအရပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံတင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးခိန်မင်း A.G.T.I (M.T), LL.B (စဉ်-၅၀၆၆/၁၉၈၉)**
**ဒေါ်ယုယုမော် (စဉ်-၁၀၃၈၀/၂၀၁၅) ဒေါ်ယဉ်ယဉ်အေး (စဉ်-၁၀၃၈၂/၂၀၁၅)**
**တရားလွှတ်တော်ရှေ့နေများ**
ရုံး -အခန်း(၃၀၁/၁)၊ တိုက်(၉/၁၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ် -အမှတ်-၃၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၀၅၆၉၄၊ ၀၉ ၇၉၈၄၅၈၄၀၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၃၆)လမ်း(အလယ်)၊ တိုက်အမှတ်(၁၇၆)၊ အခန်းအမှတ်(C–2) (ပထမထပ်)(ယာ)၊ ဧရိယာအကျယ်အဝန်း (၁၂$\frac{၁}{၂}$ပေx၄၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဦးအောင်ခန့်ဇော်[၁၂/ကတတ(နိုင်)၀၃၀၃၁၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် မူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီဂီအောင် LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၆၆၄၁၈**

## အမည်ပြောင်း

လသာမြို့နယ်၊ အမှတ်(၃) ရပ်ကွက်နေ (ဘ) ဦးဗိုလ်ဗိုလ် [၁၂/လသန(နိုင်)၀၀၅၇၄၁]၏ သားဖြစ်သူ မောင်အောင်ဖြိုးဟန်အား မောင်အုန်းကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အုန်းကျော်**

## ပျောက်ဆုံးကြောင်း

ဦးဇော်မင်းထွန်း[၁၂/တမန(နိုင်)၁၀၇၅၆၈]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် MA 843412 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–420035274**

## အမည်မှန်နှင့်ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၅)၊ Grade(9 A) မှ မနန့်စိန်ဆိမ်းရမ်၏ အမည်မှန်မှာ မနန်ဆိန်ဆိန်းရမ် ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးနန်ဆိန်ခင်တန်[၁/ပတအ(နိုင်) ၀၃၇၀၈၈]ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၁ ဘီ၂၊ မြေကွက်အမှတ် II Class 17–Northern 1/8၊ မြေကွက်တည်နေရာအမှတ်–၇၀၊ ဗိုလ်ရွှေလမ်း၊ (၇)ရပ်ကွက်၊ လသာမြို့နယ် (Tan Keat chye) အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်ထံမှ အမွေဆက်ခံစာချုပ်အမှတ်– ၃၄၉၆/၂၀၀၂ (၂-၉-၂၀၀၂)ဖြင့် ဇနီးတန်ဆမ်(ခ) ဆမ်ဟီ မေတ္တာဖြင့်အပိုင်ပေးစာချုပ်အမှတ်– ၃၅၈၁/ ၂၀၀၂ (၁၀-၉-၂၀၀၂)ဖြင့် သား/သမီးများဖြစ်ကြသောပိုင်ဆိုင်သူများမှာ(၁)တန်အကုတ်(ခ)တန်ကျန်ရှောင်(၂)ဦးကျော်ဝင်း (ခ)တန်ကျန်ရှွမ် (၃)ဒေါ်ပိုပို (ခ)ဒေါ်လှသောင်း(၄)တန်ကင်ပို(ခ) ဒေါ်အေးအေးသန်း (၅) မသန်းသန်းငွေ (၆) မောင်ကျော်ဖြိုးဝင်း (၇) မောင်ဖုန်းမြင့်ဇော်ဖြစ်ပြီး သားတန်အကုတ်(ခ)တန်ကျန်ရှောင် (၂၃-၃-၂၀၁၁)ကွယ်လွန် (ချွေးမ)ဒေါ်ဝဲ(၉-၆-၂၀၁၉) ကွယ်လွန်သဖြင့်(မြေး) ဦးဟန်စိန်[၁၂/လသန(နိုင်)၀၀၈၆၄၃]၊ (မြေး)ဒေါ်သန်းသန်းငွေ[၁၂/လသန(နိုင်)၀၁၃၅၈၃]၊ (သား)ဦးကျော်ဝင်း(ခ) တန်ကျန်ရှမ် (၃၀-၁၂-၂၀၀၈) ကွယ်လွန်သဖြင့်(ချွေးမ)စောလျှံကြီး(ခ) ဒေါ်လှလှသန်း[၁၂/ပဘတ (ပြု) ၀၀၀ ၁၀၆]တို့နှင့်အတူ ကျန်သား/သမီးများ ဖြစ်ကြသော တန်ကင်ပို(ခ)ဒေါ်အေးအေးသန်း [၁၂/လသန(နိုင်)၀၀၉၈၉၂]၊ ဒေါ်ပိုပို(ခ)ဒေါ်လှသောင်း[၁၂/လသန(နိုင်)၁၀၀၉၆၄]၊ ဦးကျော်ဖြိုးဝင်း [၁၂/ပဘတ(ပြု)၀၀၀၂၈၁]၊ ဦးဖုန်းမြင့်ဇော်[၁၂/လသန(နိုင်)၀၁၂၂၆၅] တို့မှ မြေစာရင်းမှတ်ချက်ရှိ မြေး(၄)ဦးတွင် အမည်ပေါက်၏သမီး ဒေါ်ကျင်ဝှက် (၁၅-၆-၁၉၉၃)ကွယ်လွန်၊ (ခင်ပွန်း) ဦးမောင်မောင် (၁၅-၁၂-၁၉၈၃) ကွယ်လွန်၊ မြေး ဦးခင်မောင်ဝင်း (လူပျိုကြီး)(၂၇-၁၁-၂၀၁၉)ကွယ်လွန်၊ (မြေး) ဦးခင်မောင်အေး (လူပျိုကြီး) (၁၈-၁၂-၂၀၁၉) ကွယ်လွန်သဖြင့် သေစာရင်းများ၊ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ အမည်ပေါက်စာချုပ်၊ မှတ်ပုံတင်များတင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဗိုလ်ကြာညွှန့်လမ်း၊ မြေကွက်အမှတ်(၃၈၂) နှင့်ကပ်လျက် မြေကွက်အမှတ်(၃၈၁/က)၊ အိမ်အမှတ်(၁၃၄/က)၊ နှစ်(၆၀) ဂရန်မြေအကျယ် (၄၀ x ၆၀) ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ x ၆၀)ပေရှိ မြေဂရန်မူရင်းနှင့် မြေပေါ်ရှိ အုတ်ညှပ်(၁)ထပ်တိုက်အဆောက်အဦကို အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးညွန့်လွင် [၁၂/ဥကမ(နိုင်)၁၂၁၆၉၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသင်းက အပြီးအပိုင်ဝယ်ယူရန် ကြိုတင်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေ ရောင်းဝယ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အေးအေးသင်း** | **ဦးကျော်အေး** |
| **[၁၄/လမန(နိုင်)၀၆၇၁၃၇]** | **BA,RL,DBL,DML, (WIPO–Switzerland)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၇၇၈)** |
| | **ရုံး–အမှတ်(၉၀)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း – ၀၉–၄၅၀၅၃၈၉၈၇** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ပဒေသရာဇာလမ်းသွယ်(၂)၊ အကွက်အမှတ်(၂၅)၊ ဦးပိုင်အမှတ်(၂၂/က)၊ ဧရိယာ (၀. ၀၅၅)ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်စုစု [၁၂/ဗတထ(နိုင်)၀၂၁၇၃၅] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးတိုးဝင်းအောင် [၇/ပမန(နိုင်) ၁၉၁၇၀၀] နှင့် ဒေါ်ဝင့်ဖြူအောင် [၁၂/ကတန(နိုင်)၀၈၃၉၃၉] တို့က အပြီးအပိုင်ဝယ်ယူရန် (၄-၄-၂၀၂၃) ရက်စွဲပါ အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဒေါ်မြင့်မြင့်သန်း (စဉ်–၁၃၂၄၀/၁၇)** | **ဒေါ်နော်ဆည်းဇာ(စဉ်–၁၂၆၃၇/၁၇)** |
| **ဦးကျော်ဇေယျ (စဉ်–၁၃၁၈၁/၁၇)** | **ဒေါ်ဝေမာနွယ် (စဉ်–၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း – ၀၉–၄၂၂၂၈၁၁၁၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းရပ်ကွက်၊ ဦးရွှေစိုးလမ်း၊ အမှတ် (၁၂)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၅'x ၅၀') ရှိ နှစ် (၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထား ရှိသော (၂)ခန်းတွဲ (၆ ထပ်တိုက်) အဆောက်အဦ၏ ပဥ္စမထပ် (၆–လွှာ/အေ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂$\frac{၁}{၂}$' x၅၀') ခန့်ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားလျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးမြင့်အုန်း [၁၂/ကမတ(နိုင်)၀၂၉၃၃၀] နှင့် ဒေါ်သင်းသင်းဆွေ [၁၂/ကမတ(နိုင်)၀၅၉၂၈၄]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုနှင့် ပတ်သက်၍ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉ ၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၁၅၁)၊ မြေကွက်အမှတ်–(၁၃၁၂) အကျယ်အဝန်း(၄၀' x ၆၀')ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးအေးသိန်း[CREN–၀၀၅၃၂၅] အမည်ဖြင့် တည်ရှိလျက်ရှိပြီး၊ ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူ၍ လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိသူ ဦးသန်းထိုက်[၁၀/ကမရ(နိုင်)၀၅၈၃၆၇]က လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်း ရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများ တင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးရန်နိုင်ဟိန်း (LL.B)** | **ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၈၉၃)** | **အထက်တန်းရှေ့နေ (စဉ်–၄၉၂၅၅)** |

**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၀၄၂၀၈၇၁၊ ၀၉–၇၉၉၂၀၀၃၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅) ရပ်ကွက်၊ ငုဝါလမ်းသွယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ် (၃၀၁)၏ အမည်ပေါက် ဦးသန့်ဇင်အောင် [၉/မရတ(နိုင်)၁၃၀၉၃၁] ထံမှ ဒေါ်မြတ်ကေခိုင်[၁၂/အလန(နိုင်)၀၄၄၄၇၀] က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ (၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဒေါ်လှပန်းလမ်း၊ တိုက်အမှတ်(၁၄/ဘီ)၊ မြေညီထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း ပေ(၁၂x၅၅)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မြင် [၁၂/မရက(နိုင်) ၀၈၄၄၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာ**
**L.L.B, D.B.L, D.I.L, D.I.R, C.B.D.S (MOFA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၃၈၁)**
**Ph:09–785555030, 09–440440710**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၁၉)၊ မြေကွက်အမှတ်–(၄/သ–၅၂–က–၁အေ– ၁)၊ အကျယ်အဝန်းဧရိယာ(၀.၀၂၈)ဧကရှိ မြေပိုင်မြေ (လ/န၃၉) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးရွှေဖံအောင်[၁၁/စတန(နိုင်) ၀၁၀၁၉၉] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေများမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်နွယ်နီအောင်(LL.B, LL.M, D.I.R)** | **ဒေါ်ခိုင်ခိုင်ထွန်း (LL.B, DIPL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၄၈)** | **အထက်တန်းရှေ့နေ(စဉ်–၄၆၉၆၄)** |

**အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၉–၄၀၀၆၉၂၄၇၃၊ ၀၉–၆၉၇၃၃၁၃၅၅။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၃) ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်– ၇၄ ရှိ (၂) ခန်းတွဲ (၃) ထပ်တိုက်၊ ဒုတိယထပ် (၃) လွှာ၊ အခန်းအမှတ်– F တိုက်ကို မျက်နှာမူလျှင် (၃–လွှာ) (ဝဲ)၊ အခန်း၊ (၁၇' x၅၅')ခန့်ရှိ တိုက်ခန်းနှင့်တကွ ဆက်စပ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက် ရက်စွဲပါ “မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကတိစာချုပ်” အရလက်ခံရရှိပိုင်ဆိုင်သူများဖြစ်သော ဦးထွဋ်ဝေလျှံ [၁၂/ရကန (နိုင်) ၀၈၅၇၇၅၂] နှင့် ဦးထက်ဝေလျှံ [၁၂/ရကန (နိုင်) ၀၈၅၇၇၅၃] တို့ထံမှ “တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်” ဖြင့် ဒေါ်စိုးစိုး [၁၂/ရကန(နိုင်)၀၄၆၂၀၁] က ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင် ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးနိုင်လင်း [၁၂/ကတန (နိုင်) ၀၂၆၇၃၂] နှင့် ဦးကျော်ဝင်းဟန် [၁၂/တတထ(နိုင်) ၀၀၀၄၉၇] တို့က ဝယ်ယူရန်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ (စရန်) ပေးချေထားပြီး ဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဦးကျော်ဇော (B.Sc, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၅၇၄/၈၈)**
**အမှတ်– ၃၆/၃၊ (၆၂) လမ်း၊ (၃) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၈၁၄၁၆၉၆၊ ၀၉–၄၄၃၀၅၈၃၇၁**

## “အမွေဝေစုငွေ ရရှိပြီးကြောင်း သက်ဆိုင်သူအများသိစေရန်ကြော်ငြာ”

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ ၁၀၉–လမ်း၊ အမှတ် (၂၀)၊ ၄–လွှာ (ခေါင်းရင်းခြမ်း)နေ ဦးဟုတ်ဇော် [၁၂/မဂတ(နိုင်) ၀၃၆၇၈၉]၏ ညွှန်ကြားချက်အရ –

၂။ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ် – ၅၅၃/၂၀၂၂၊ တရားလို ဦးဟုတ်ဇော်နှင့် တရားပြိုင် ဒေါ်လီလီဝေ ပါ (၉)ဦး၊ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု၌ (၁၆–၁–၂၀၂၃) ရက်စွဲပါ စီရင်ချက်ဒီကရီအရ အမွေဆိုင် ပစ္စည်းဖြစ်သည့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁–E)၊ မြေကွက်အမှတ်–V ၉၃၊ မြေအကျယ် ပေ (၃၀ x ၄၀)နှစ် (၉၀)ဂရန်မြေမျိုး၊ မြေအမည်ပေါက် ဦးထန်ဟုတ်ဟု မှတ်သားထားသောမြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် (၃၄)၊ ၁၀၉–လမ်း၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟု ခေါ်တွင်သည့် တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်၏ တန်ဖိုးအတွင်းမှ ဦးဟုတ်ဇော်၏အမွေဝေစု ငွေကျပ် (၃၃၀)သိန်းကို (၁) ဒေါ်လီလီဝေ၊ (၂) ဒေါ်ခင်စန္ဒာစိုး၊ (၃) ပါမောက္ခဒေါက်တာစန္ဒာမိုးတို့ (၃)ဦးက (၃၁–၃–၂၀၂၃) ရက်နေ့တွင် ခွဲဝေအမ်းပေးပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဟုတ်ဇော်က လက်ခံရရှိပြီးဖြစ်ပါသည်။

၃။ သို့ပါ၍ အထက်စာပိုဒ် (၂)ပါ ကျွန်ုပ်၏မိတ်ဆွေ ဦးဟုတ်ဇော်၏ဖခင် ဦးထန်ဟုတ် အမည်ပေါက်မြေကွက်နှင့် အဆောက်အအုံသည် ဦးဟုတ်ဇော်၏အမွေဝေစုငွေ အပြည့်အဝရရှိပြီးဖြစ်၍ (၃၁–၃–၂၀၂၃) ရက်နေ့မှစတင်ကာ ကျွန်ုပ်၏မိတ်ဆွေ ဦးဟုတ်ဇော်နှင့် အမွေသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း၊ ကျန်အမွေဆိုင်များနှင့် သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်စုမြတ်မွန် ( LL.B )၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၉၁၈/၂၀၁၈)**
**အမှတ်–၄၆၈၊ မင်းဘူးလမ်း၊ (၉) ရပ်ကွက်၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၅၁၂၃၈၇၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံ အနောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ဇာလီတောင်အိမ်ရာ၊ တိုက်အမှတ်(A3)၊ အခန်းအမှတ် (၀၀၆)၏ အမည်ပေါက် ဦးစိုးမြင့်ဦး[၁၃/သပန(နိုင်)၀၃၈၃၉၈]ထံမှ ဒေါ်ဝေဖြိုးမောင်မောင် [၁၂/ဗဟန(နိုင်)၀၈၇၈၀၀] က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ရွှေသောင်ယံကျေးရွာအုပ်စု၊ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၉၄–B–ပြင်)ခရင်ချောင်းပြင်ကွင်း၊ ရွှေသောင်ယံကားလမ်းဘေး၊ ဦးပိုင်အမှတ်(၃၆/၃)(၃၆/၄)(၃၆/၅) ဦးမောင်မောင်ထွေး+၄ဦးအမည်ပေါက်(လ–န/၃၉)ရရှိပြီးမြေကွက်ကြီးအတွင်းမှ ဧရိယာ(၀.၃၃)ဧကအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကြီးကို(လ-န/၃၉)ခွင့်ပြုမိန့်တွင် ဦးမောင်မောင်ထွေး+၄ဦးအမည်ပေါက်နေပြီး စွန့်လွှတ်ခြင်းမှတ်ပုံတင်စာချုပ်အရပိုင်ဆိုင်ထားသူ-ဒေါ်ခင်မာဆွေ(၁၄/အဂပ(နိုင်)၀၀၇၂၄၁)ကိုယ်တိုင်က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးသန့်ဇင်** (LL-B)
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်** (LL-B)
အထက်တန်းရှေ့နေ(စဉ်–၂၃၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ မြနန္ဒာလှည်းတန်းကွန်ဒို၊ တိုက်အမှတ်(၅၊ ၇၊ ၉၊ ၁၁)တွင်ဆောက်လုပ်ထားသော(၄)ခန်းတွဲ(၈)ထပ်ခွဲတိုက်၏ ၅–လွှာ၊ အခန်းအမှတ်(၅၀၁)၊ အကျယ်အဝန်း-(၁၂၇၅)စတုရန်းပေရှိ တိုက်ခန်းအား ကန်ထရိုက်တာထံမှ (၁၇–၈–၂၀၁၂)ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိထားသူ ဦးယုစိန်[၆/ထဝန(ဧည့်)၀၀၀၀၉၄)က အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်ဝင်းထွန်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၇၀၃)**
**TRIANGLE LAW FIRM**
**ရုံးခန်း(၅)၊ ပ–ထပ်၊ Strand Condominium၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉ –၄၅၀၀၃၉၂၁၀၊ ၀၉–၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၅၀၂)၊ အကျယ်အဝန်း (အလျား၄၂ပေx အနံ၆၀ပေ) ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်(၁၀၈/၅၀၂)ဟုခေါ်တွင်သည့် အိမ်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အုန်းမြင့်(MUN–၁၅၈၄၉၆)[၁၂/အလန(နိုင်)၀၀၄၇၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃/ရန်ပြေ၊ မြေကွက်အမှတ်–၁၁၆၇၊ ဧရိယာ(၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၄၆)၊ ရန်ပြေ(၁၉)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအုန်းရွှေ[၁၂/သကတ(နိုင်) ၀၄၀၄၇၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအုန်းရွှေ[၁၂/သကတ(နိုင်) ၀၄၀၄၇၁](ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သိန်းရွှေ(CF–၁၁၁၈၂၉)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ (၂၃၅၄/၂၀၁၂)(၁၆–၁၂–၂၀၁၂)ရသူ ဦးခင်မောင်တာ[၁၂/တမန(နိုင်) ၀၈၁၄၉၂]မှ ကိုယ်စားလှယ်လွှဲစာပေးအပ်သူသက်ရှိထင်ရှားရှိကြောင်း ပါဝါမရုပ်သိမ်းကြောင်း တရားရုံးကတိသစ္စာပြုလွှာ၊ ဦးအုန်းရွှေ၏ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိတစ်ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြားအမွေဆက်ခံမည့် တစ်ဦးတစ်ယောက်မျှမရှိကြောင်း ဒေါ်သိန်းရွှေ၏ တရားရုံးကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးအုန်းရွှေ၏သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ ပြည်ထောင်စုလမ်းမကြီး၊ မြေကွက်အမှတ်(၁၅၃၉)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်အေးအေးမြင့် [၁၂/မဘန(နိုင်)၀၂၂၉၈၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန်းစန်းခင် [၁၂/တမန(နိုင်)၀၅၄၈၀၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**REALITY KING LAW FIRM**

**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** (LL.B,D.I.L)

**ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** (LL.B,D.B.L,D.I.L, WIPO switzerland)

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## အများသိစေရန် ကြေညာခြင်း

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၇–ရပ်ကွက်၊ မရမ်းမြိုင်လမ်း၊ တိုက်အမှတ်(၁+၂၁)ဟုခေါ်တွင်သော တိုက်၏အခန်းအမှတ်(B3)၊ ဒုတိယထပ်၊ အကျယ်အဝန်း(၁၂ပေx၄၀ပေ)ခန့်ရှိ RC တိုက်ခန်း။**

အထက်ဖော်ပြပါတိုက်ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလှမြင့်[၇/သဝတ(နိုင်)၀၀၉၇၀၇]က တရားဝင်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အာမခံထားရှိခြင်း၊ အမည်ပြောင်းခြင်း၊ အခြားနည်းဖြင့်အသုံးပြုခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးလှမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးမြင့်သန်း** (စဉ်–၆၉၆၃)

**ဒေါ်သီရိလှိုင်** (စဉ်–၁၅၂၆၀)

**ဒေါ်ဖြူဖြူထွဏ်း(အထက်တန်းရှေ့နေ)** (စဉ်–၃၂၁၅၆)

**Zaluckpwint Real Estate & Law Firm 2013@gmail.com**
**စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုပေးသည်။ Ph–09–5018076**
**တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)၊ လူနေရပ်ကွက်အမှတ်(၁၆/၃)၊ မာလာမြိုင်လမ်း၊ မြေကွက်အမှတ်(၃၉၄) ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)(၂၄၀၀–စတုရန်းပေ)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးခင်မောင်ဦး[၁၂/ဥကတ(နိုင်)၀၈၄၅၃၇]မှ ရောင်းချရန် ကမ်းလှမ်းခဲ့၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်လွင်ဦး[၁၂/ဥကတ(နိုင်)၁၂၈၂၈၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကာ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လွင်လွင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးပြည်သာကျော်မိ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)စဉ်–၁၅၈၃၅**
**အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၀၄၇၄၀၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၇၊ ဓမ္မသုခကျောင်းလမ်း(၃)လမ်း၊ မြေကွက်အမှတ်(၆/ခ–၂)၊ အကျယ်အဝန်း ဧရိယာ (၀.၂၅၀)ဧက၊ မြေအမျိုးအစား–မြေပိုင်မြေ (လ/န–၃၉ရပြီး) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ဝယ်ရှိပိုင်ဆိုင်သူ အမည်ပေါက် ဒေါ်ကိုင်မေ [၁၃/လရန(နိုင်)၀၆၅၃၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်နှင့်အိမ်တန်ဖိုး၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုတရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သက်သက်မွန် (LL.B, LLM, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်–၄၄၀၁၃)**
**အမှတ်(၅၅၇/၅၆၇)၊ အခန်း(၉၀၂)၊ ၉–လွှာ၊ MAC Tower,**
**မဟာဗန္ဓုလပန်းခြံလမ်းနှင့်ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–795492660**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ၊ Star City Condo၊ တိုက်အမှတ်(A–4)၊ အခန်းအမှတ်(624) ၊Type–A အကျယ်အဝန်း(1185)စတုရန်းပေ၊ အိပ်ခန်း(၃)ခန်းပါ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် ပါရှိသော ပရိဘောဂများ ပိုင်ဆိုင်ခွင့် သုံးစွဲခွင့်နှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော လျှပ်စစ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုသူ မကျော်လင်းစုစံ[၁၂/ဗတထ(နိုင်)၀၃၇၅၇၆]နှင့် မကျော်လင်းစုခင်[၁၂/ဗတထ(နိုင်)၀၃၇၉၂၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းဆိုင်ခုံး[၁၃/လရန(နိုင်) ၂၃၂၉၄၅]မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ အထက်ဖော်ပြပါ တိုက်ခန်းတန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များ ယူဆောင်၍ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစိုင်းဆိုင်ခုံး၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ကြူကြူမာ(စဉ်–၁၃၉၇၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၁၆၁၈၉၈၊ ၀၉–၄၃၁၁၇၇၃၃**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ကွင်းအမှတ် (၅၉၈/ခ)၊ ငန်းတေးကွင်း၊ ဦးပိုင်အမှတ် (၇၃)၊ ပိုင်ဆိုင်ခွင့် (လန/၃၉)၊ မြေအမျိုးအစား (မြို့မြေ)၊ မြေချိန်ဧရိယာ (၀.၀၅၅) ဧက၊ မြေကွက်အကျယ် ပေ(၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ စန္ဒမာလာလမ်း၊ အမှတ် (၁၇/B) နေ ဒေါ်နွေးနွေးလွင် (ဘ) ဦးဇော်မြင့် [၁၀/မလမ (နိုင်) ၁၂၆၇၀၄] ကိုင်ဆောင်သူမှ လက်ရှိထား သက်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၂၇၆) နေ ဦးအေးမင်း (ဘ) ဦးဒါဝတ် [၁၂/ပဘတ(နိုင်)၁၀၃၀၂၉] ကိုင်ဆောင်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၂–၄–၂၀၁၃)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသတ်မှတ်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသီဟထွန်း (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၀၈၆)**
**အမှတ် (၅)၊ စွန်းလွန်းလမ်း၊ တောင်ဝိုင်းဈေးကြိုရပ်၊**
**မော်လမြိုင်မြို့။ ဖုန်း–၀၉–၅၀၂၈၆၃၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## လမ်းဦးစီးဌာန၊ မြိတ်ခရိုင်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အဦလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင် မည်သူမဆို အိတ်ဖွင့်တင်ဒါ (Open Tender) ယှဉ်ပြိုင် တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် – ၁၈–၄–၂၀၁၃ ရက် ( အင်္ဂါနေ့) မှစ၍(ရုံးချိန်အတွင်း)

၃။ တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် – ၅–၅–၂၀၁၃ရက်(သောကြာနေ့) ညနေ(၄:၀၀)နာရီ

၄။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်နှင့် အချိန်/နေရာ – ၈–၅–၂၀၁၃ ရက်(တနင်္လာနေ့) နံနက် (၉:၀၀)နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မြိတ်ခရိုင်၊ မြိတ်မြို့

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြိတ်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း–၀၅၉–၄၁၁၁၇၊ ၀၅၉–၄၁၀၀၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ဘုတ်ပြင်းခရိုင်
## (၁/၂၀၁၃–၂၀၁၄)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဘုတ်ပြင်းခရိုင်မှ ၂၀၁၃–၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် – (၂–၅–၂၀၁၃)ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀နာရီ

၃။ တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် – (၁၅–၅–၂၀၁၃)ရက်(တနင်္လာနေ့) နံနက် ၁၁:၀၀နာရီ

၄။ တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် – (၁၇–၅–၂၀၁၃)ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀နာရီ

၅။ တင်ဒါတင်သွင်း၊ စိစစ်ဖွင့်လှစ်ရွေးချယ်မည့်နေရာ – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည် –

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ဘုတ်ပြင်းခရိုင်**
**ဖုန်း–၀၉–၄၅၀၉၉၂၁၀၁**

## "မန္တလေးမြို့စာချုပ်ရုံး၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၂၂၆/၂၀၁၅)(၉–၁၂–၂၀၁၅)နေ့စွဲပါအား အပြီးအပိုင်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း"

၁။ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၇၁)၌ရှိ ဘိုးဘွားပိုင်မြေအမျိုးအစား၊ မြေဦးပိုင်အမှတ်(၁၃–ဃ)၊ မြေဧရိယာ(သုည ဒသမ ၁၀၇၅)ဧက အကျယ်အဝန်းရှိမြေကွက်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဘိုးဘွားပိုင်မြေမှတ်တမ်းစာအုပ်နံပါတ်(၀၂၂၁၅၉)အရ ဦးမိုဟာမက်မူဆာ(ခ)ဦးမူဆာ အမည်ပေါက်ပိုင်ဆိုင်ပါသည်။

၂။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဦးမူဆာက (၉–၁၂–၂၀၁၅)နေ့စွဲပါဖြင့် မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံးတော်၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၂၆/၂၀၁၅)အရ ဒေါ်အေးအေးဝင်း(အဖ/ဦးထွန်းဘ)[၁၃/မမတ(နိုင်)၀၂၅၀၅၃]အား ကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်ဆောင်ရွက်ရန်တာဝန်များလုပ်ငန်းပြီးဆုံးသွားပြီဖြစ်၍ ဦးမူဆာလက်ဝယ်သို့ ဘိုးဘအမည်ပေါက်စာအုပ်(မူရင်း)နှင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၂၆/၂၀၁၅)(မူရင်း)တို့ကို ပိုင်ရှင်ဦးမူဆာထံ လက်ရောက်ပေးအပ်လာပြီး (၂၀–၄–၂၀၁၃)နေ့တွင် နှစ်ဖက်သဘောတူ အပြီးအပိုင်အထူးကိုယ်စားလှယ်လွှဲအပ်စာကို ပြန်လည်ရုပ်သိမ်းပြီး သက်ဆိုင်ရာရုံး၊ ဌာနများသို့ ဥပဒေနှင့်အညီတင်ပြ၍ ပယ်ဖျက်ရုပ်သိမ်းသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြေညာစာနှင့်ပတ်သက်၍ တင်ပြကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ရုံးခန်းတည်ရှိရာသို့ အထောက်အထားမူရင်းနှင့် သက်ဆိုင်ရာတရားရုံးတော်၏စီရင်ချက်၊ ဒီကရီတို့အရ ကန့်ကွက်နိုင်ပါသည်။ ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၂၆/၂၀၁၅)မူရင်းကို သက်ဆိုင်ရာရုံးတော်သို့ ပြန်လည်အပ်နှံ၍ အပြီးအပိုင်ဖျက်သိမ်းသွားမည်ဖြစ်ပါကြောင်း ဒေါ်အေးအေးဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးမိုဟာမက်မူဆာ**
**(ခ)ဦးမူဆာ**
**[၉/မနမ(နိုင်)၀၄၀၁၉၃]**
**(WMDY–၂၉၉၁၅၃)**
**အကွက်(၇၁)၊ ပြည်ကြီးရန်လုံရပ်၊**
**အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်မောင်အေး(ခ)ကိုအေး**
**LL.B,D.B.L,C.A.B.S(Eco),D.B.S**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၂၉၂)**
**အကွက်(၅၅၂)၊ အောင်နန်းရိပ်သာအရှေ့၊**
**၈၄လမ်း၊ (၃၄x၃၅)ကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း–၀၉–၂၅၈၉၈၇၈၃၆**

## ဒေါ်အေးသိန်း
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဧ)ရပ်ကွက်၊ ဣန္ဒာ(၃)လမ်း၊ အမှတ်(၅၆၆)နေ (ဦးညွန့်-ဒေါ်ဂျမ်း)တို့၏သမီး၊ (ဦးငယ်-ဒေါ်ခန့်)တို့၏သမီးချွေးမ၊ ဦးခင်အောင်(ယုန်မင်းလက်ဖက်ခြောက်)-(ဒေါ်သန်းမြင့်)၊ ဦးလွန်းခင်-(ဒေါ်အုန်းကြည်)တို့၏အစ်မ၊ (ဦးမြင့်အောင်)-ဒေါ်ခင်ဌေးမြင့်၊ ဦးမြင့်ဆန်း-ဒေါ်စပယ်၊ (ဦးတက်တိုး)-ဒေါ်သန်းသန်းဌေး၊ ဦးထွန်းသန်း-ဒေါ်မြစိန်၊ ဦးကျင့်ဟုတ်-ဒေါ်အေးမြင့်၊ ဦးသောင်းထွန်း၊ ဦးလှမော် (ဒု-ညွှန်မှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး)-ဒေါ်ထွန်းထွန်းလှ၊ ဦးအောင်အောင်-ဒေါ်ခင်စန်းလွင်တို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ် ၁၄ ယောက်၊ တီ နှစ်ယောက်တို့၏ ဘွားဘွားကြီး၊ [ဦးမြင့်(ကျိုက်လတ်မိုးမြင့်)]၏ဇနီးသည် ၅-၄-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၇-၄-၂၀၂၃ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၂၃ (အင်္ဂါနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသောင်းညွန့်
### အသက်(၉၀)
### ကရင်ပြည်နယ်တရားလွှတ်တော်

တရားသူကြီး ဦးညွန့်လင်း၏ဖခင်ဖြစ်သူ ဦး သောင်းညွန့်သည် ၅-၄-၂၀၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမှုများဖြစ်ရပါသည်။

**ကရင်ပြည်နယ်တရားလွှတ်တော်**
**တရားရေးဝန်ထမ်းများနှင့် တရားရေးမိသားစု**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၃-၂၀၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၆ ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် အမည်ဖြင့် အများသိစေရန် အသိပေးကြေညာခြင်းကြော်ငြာပါ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိမ်အမှတ်(၅)ရှိ မြေနှင့် နှစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအစား "ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ သရက်တော(၂)လမ်း၊ အိမ်အမှတ်(၅)ရှိ မြေနှင့် နှစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄/စီမံကိန်း(၁)၊ မြေကွက်အမှတ်- ၂၈၁၊ အလျား ၁၀ပေx အနံ ၆၀ပေ (ခေါင်းရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၈၁)၊ ဂန္ဓမာလမ်း၊ စီမံကိန်း(၁)၊ မြင်သာ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် (ဒေါ်မာမာလေး)အပျိုကြီးအနေဖြင့် ကွယ်လွန်ခဲ့သူ၏ ပိုင်ဆိုင်ခဲ့သောဖော်ပြပါမြေကွက်နှင့်နေအိမ်အပြင် ၎င်းကျန်ရှိခဲ့သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများသည် ကျန်ညီအစ်ကို မောင်နှမများဖြစ်သော (၁) ဒေါ်ရီရီစန်း [၁၂/ဥကတ(နိုင်)၁၀၃၉၄၅]၊ (၂) ဒေါ်ရွှေလင်း [၁၂/ဥကတ(နိုင်)၁၀၃၉၀၅]၊ (၃) ဒေါ်လှလှဆန်း [၁၂/ဥကတ(နိုင်)၁၀၃၉၀၄]၊ (၄) ဦးချစ်တိုးဝင်း [၁၂/ဥကတ(နိုင်)၁၀၀၃၇၂]တို့မှ ပူးတွဲပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ရီရီစန်း၊ ဒေါ်လှလှဆန်း၊ ဦးချစ်တိုးဝင်းတို့ တစ်ဦးတစ်ယောက်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ နေအိမ်သစ်ဆောက်လုပ်ခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီစန်း၊ ဒေါ်လှလှဆန်း၊ ဦးချစ်တိုးဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အက်စတာမြတ်ထွေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၁)**
**LL.B,D.B.L,D.B.S.P,C.B.L,F.B.S, WIPO.GC.I.P(Geneva),A.P.S**
**အမှတ်(၈၂၅-ဘီ)၊ ကျောင်းကုန်း(၃)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ဦးဟန်တင် [၁၂/ဥကတ(နိုင်)၀၃၅၆၇၂]နှင့် သက်ဆိုင်သူတို့သိစေရန်

ဦးဟန်တင် အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြေတိုင်းအမှတ်- ၂၉၊ မြေကွက်အမှတ်- ၃၅၀၊ မြေအကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) ဧရိယာ ၀.၀၅၅ ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၅၀)၊ ဦးထွန်းမြင့်လမ်း၊ ၂၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်တို့ကို ဝယ်ယူသူ ဒေါ်စန်းစန်းရီက ရောင်းချသူ ဦးဟန်တင်နှင့် အိမ်ခြံမြေနှင့် နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ လက်ရောက်ရရှိပြီး ယနေ့ထက်တိုင် ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ အပိုင်ဝယ်ယူသူက တောင်းဆိုသည့်အခါ သက်ဆိုင်ရာရုံးဌာနတို့၌ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လိုက်လံလက်မှတ်ရေးထိုးချုပ်ဆိုပေးပါမည်ဟု ရောင်းသူက ကတိပြုရောင်းချခဲ့ရာ ယခုအခါ ဝယ်ယူသူ ဒေါ်စန်းစန်းရီမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ပြုလုပ်ချုပ်ဆိုလိုသည့်အတွက် ဤကြေညာချက်ပါရရှိသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ဆောင်ရွက်ပေးပါရန်နှင့် ထိုနေ့ရက်အထိ လာရောက်ဆောင်ရွက်ပေးခြင်းမရှိပါက တရားဥပဒေအရ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကြေညာအသိပေးအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စန်းစန်းရီ** | **ဦးအောင်မော်ဝင်း** |
| **[၁၂/ကမရ(နိုင်)၀၀၈၉၆၂]** | **B.A,H.G.P,D.B.L,Dip in Korean(Y.U.F.L)** |
| | **အထက်တန်းရှေ့နေ(စဉ်-၁၃၀၂၅)** |
| | **အမှတ်-၇၀၃(ခ)ခိုင်ရွှေဝါလမ်း၊** |
| | **၄၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၂၀၀၃၁၆၂** |

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးကြည်
### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံ အပိုင်း (၁)၊ ရှုခင်းသာလမ်း၊ အမှတ်(၂၃)နေ (ဦးချစ်မောင်-ဒေါ်အုန်းမေ)တို့၏သမီး၊ (ဦးစိန်မောင်)၏ဇနီး၊ ဦးဇေယျ (ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ခင်စန်းဝေ(ရဲအုပ်-ငြိမ်း)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဗိုလ်မှူးနိုင်လင်းထွန်း-ဒေါ်ငုဝါခိုင် (Loi-Hein Co.,Ltd)၊ ဦးလင်းထက်အောင် (Siam Commercial Bank Myanmar Ltd)တို့၏အဘွား၊ မောင်ဘုန်းမြတ်ထွဋ်ခေါင်၏ ဘွားဘွားကြီးသည် ၄-၄-၂၀၂၃ (အင်္ဂါနေ့) နံနက် ၇:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၂၃ (တနင်္လာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းတန်
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
### ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၅)ရပ်ကွက်၊ ချယ်ရီလမ်း၊ တိုက် (၂၃၃/၆)၊ အခန်း(၆)နေ (ဦးလှတင်-ဒေါ်ကျင်ဆိုင်)တို့၏သား၊ (ဒေါ်လှကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဇော်ဦး-ဒေါ်တင်တင်လှ၊ ဦးမင်းဇော်မြင့်-ဒေါ်ယမင်းယု၊ ဦးမျိုးသူကျော်-ဒေါ်ခင်ချောစုလှိုင်၊ ဦးခိုင်ဝင်းကိုကို-ဒေါ်ခိုင်သင်းစုတို့၏ မွေးသဖခင်၊ မောင်ကောင်းမြတ်သူ၊ မောင်ခန့်သုခ၊ မောင်လင်းသုခတို့၏ အဘိုးသည် ၅-၄-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၃ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [တိုက်(၂၃၃)၊ အခန်း(၆)၊ ချယ်ရီလမ်း၊ သုဝဏ္ဏနေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဦးတင်မောင်ဌေး M.A Gold Medalist (မြန်စာဂုဏ်တင်မောင်ဌေး) (သံတွဲ) အသက်(၉၂)နှစ် ကထိက(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပါရဂူသင်တန်း၊ သင်ရိုးဦးစီးကော်မတီဝင်ဟောင်းသည် ၄-၃-၂၀၂၃ ရက် ညတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်ကြိုင်
### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### အလုပ်အမှုဆောင်အဖွဲ့ဝင်
### ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ကွက်သစ်လမ်း၊ အမှတ်(၁၂)ပထမထပ်နေ ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်ကြိုင် အသက်(၇၅)နှစ်သည် ၄-၄-၂၀၂၃ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ တိုက်အမှတ် (၁၃/၂၃D)၊ Shwe Wah Residence၊ အခန်းနံပါတ် (501)၊ ငါးလွှာ (1440 Sq.ft) အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးသောင်းနိုင် [၁၂/တမန(နိုင်) ၀၈၃၃၂၇]ထံမှ ဒေါ်မြတ်မဉ္ဇူ [၁၂/သလန(နိုင်) ၀၇၇၈၁၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

သင့်သွေးဖြင့် အသက်ကယ်ပါ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ကြိုင်
### (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
### ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ကွက်သစ်လမ်း၊ အမှတ်(၁၂)၊ ပထမထပ်နေ (ဦးဝင်း-ဒေါ်အေး)တို့၏သားလတ်၊ (ဦးစောဝင်း-ဒေါ်ခင်မြရီ)တို့၏သားသမက်၊ (ဦးဝေလွင်-ဒေါ်အုံးရီ)၊ ဦးစန်းမောင်-ဒေါ်အေးသိန်းတို့၏ ညီ/မောင်၊ ဒေါ်သိန်းသိန်းအေး၊ ဦးဝါယမ (ဒါးပိန်၊ သခွပ်ပင်ကျောင်းတိုက်)၊ ဦးစိန်ထွန်း-ဒေါ်ရင်စိန်၊ ဦးသုနန္ဒ (ဒါးပိန်၊ သခွပ်ပင်ကျောင်းတိုက်)၊ ဦးအောင်ဝင်း-ဒေါ်ဌေးဌေးဝင်း (ဒု-ညွှန်မှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဇေယျာအောင် (ခွဲစိတ်အထူးကု)-ဒေါက်တာတင်မျိုးသူ၊ ဒေါက်တာရဲဟိန်းထက်-ဒေါ်ဝင်းလွဲ့လွဲ့ကြည်၊ Capt; ဝေဖြိုးထွန်း-ဒေါ်သီရိအောင်တို့၏မွေးသဖခင်၊ မောင်ဝေယံလင်း၊ မဝေသည်းဝတီ၊ မောင်ရန်ရှင်းထက်၊ မဟေသာအောင်၊ မောင်ဈာန်သုတထွန်းတို့၏အဘိုးသည် ၄-၄-၂၀၂၃ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၉:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၂၃ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ နတ်သျှင်နောင်လမ်း၊ မြေကွက်အမှတ်(၂၆၃)၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်ခင်ခင်ဦး[၁၂/လမန(နိုင်)၀၁၁၃၉၂] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှဒေါ်မိမိစန္ဒာ [၁၂/သဃက(နိုင်)၀၉၅၉၉၈]သည် နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃၊၀၉-၇၉၆၃၀၈၀၁၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်းသွယ်၊ အမှတ်-၅၅တွင်နေထိုင်သော ဒေါ်တင်တင်ကြူ [၁၂/မရက(နိုင်)၀၂၇၅၂၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်တင်တင်ကြူ (ဘ) ဦးမောင်အုန်း [၁၂/မရက(နိုင်)၀၂၇၅၂၄]နှင့် ဦးလှမျိုးအောင် [၁၄/ဇလန(နိုင်)၀၀၆၃၅၃]တို့သည် (၁၉၉၆)ခုနှစ်ကတည်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ (၂၀၂၃)ခုနှစ်၊ (၂)လပိုင်းတွင် ခင်ပွန်းဖြစ်သူ ဦးလှမျိုးအောင်မှ ဇနီးသည်အား တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထိုကဲ့သို့ဆင်းသွားသည်မှာ ယခုတစ်ကြိမ်သာမဟုတ်ဘဲ အကြိမ်ကြိမ်ပြုလုပ်ပြီး ဇနီးဖြစ်သူမှ ဆက်သွယ်သော်လည်း ဆက်သွယ်၍မရသည့်အလျောက် ၎င်းဆင်းသွားသည့် (၂၀၂၃)ခုနှစ်၊ (၂)ပိုင်းမှစ၍ ယနေ့အချိန်အထိ ပြန်လာခဲ့ခြင်းမရှိပါ။ ဦးလှမျိုးအောင်အား ထိုကဲ့သို့ ဆင်းသွားသည့်နေ့မှစ၍ ဒေါ်တင်တင်ကြူနှင့်လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း ဦးလှမျိုးအောင်နှင့်ပတ်သက်သည့်ကိစ္စရပ်များအားလုံးသည် ဒေါ်တင်တင်ကြူနှင့်သက်ဆိုင်ခြင်း မရှိ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နန်းမိုင် (LL.B, D.M.L)** | **ဒေါ်နန်းမြင့်မြင့်အေး(LL.B, D.I.P.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၄၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၃၉)** |

**အမှတ်-၅၅၇/၅၆၇၊ အခန်း(၉၀၃)၊ ၉-လွှာ၊ (MAC Tower) မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၉၄၇၅၈၆၀/၀၉-၇၉၈၄၂၅၇၆၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက် -၂၉-သုဝဏ္ဏ(ရွှေဝါဆန်မြေ)၊မြေကွက်အမှတ်(၂၄၄)၊မြေကွက်တည်နေရာအမှတ်(၂၄၄)၊ကန်သာလမ်း၊၂၉-ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ဦးမြင့်လွင်(ခ)ပီတာ(၁၂/ကမရ(နိုင်)၀၄၆၅၈၁)၊အမည်ပေါက် နှစ်(၆၀)ဂရန် မြေအားအမည်ပေါက် ဦးမြင့်လွင်(ခ)ပီတာသည်(၅-၉-၂၀၁၅) ရက်နေ့တွင်ကွယ်လွန်သဖြင့်(ဇနီး)ဖြစ်သူ ဒေါ်ထားထားမြင့်(၁၂/ကမရ(နိုင်)၀၀၈၁၀၅) မှတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၃၉၉/၂၀၂၃) (၂၀-၁-၂၀၂၃)ထောက်ခံ ကျမ်းကျိန်၊ သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်မူရင်း၊ နိုင်/ကတ်တို့ကိုတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊ လူနေရပ်ကွက်အမှတ်(၅)၊ မြရတနာလမ်း၊ မြေကွက်အမှတ်-၁၈၈(က)၊ ဧရိယာ (အလျားxအနံ) (၂၀ပေx၆၀ပေ)ရှိနှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအား ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဦးအောင်မင်းမြင့် [၁၂/အလန(နိုင်)၀၃၆၃၇၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်အေးအေးရွှေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ကျော့ကျော့ခိုင် (LL.B)** | **ဒေါ်ကြူကြူဟန်(LL.B, D.B.L, D.M.L )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၀၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၄၆)** |

**တိုက်အမှတ်(၁၀၈)၊ ပထမထပ်(ဝဲ)၊ ၃၈-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၂၆၄၁၇၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ သာကေတမြို့နယ်၊ ၂တောင်/ရပ်ကွက်၊ မာန်ပြေ(၄)လမ်း(အနောက်)အမှတ်- ၁၀၀၁ နေ ဦးသိန်းသန်း[၁၂/သကတ(နိုင်)၀၃၃၄၆၀]၊ ဒေါ်နီနီလှိုင် [၁၂/ဗတထ(နိုင်)၀၀၀၀၅၃]တို့၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းသန်း၊ ဒေါ်နီနီလှိုင်တို့၏ဒုတိယသမီး မပိုးသဉ္ဇာ [၁၂/သကတ(နိုင်)၁၆၇၅၅၃]သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိဘများကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အမြဲပြုလုပ်နေသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းသန်း၊ ဒေါ်နီနီလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဇော်ဇော်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၉၄၉)(၂၂-၈-၂၀၁၇)**
**အမှတ်(၃၀၄)၊ လမ်းမတော်၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊**
**တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-973824593**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲသင့်တာ မှန်ပေမယ့်လည်း စည်းစနစ်တကျ ထုတ်ယူသုံးစွဲဖို့လိုပါတယ်။ တိုင်းပြည်နဲ့ နောင်မျိုးဆက်များရဲ့ အနာဂတ်ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ရပါမယ်။ ယခင်ကရရှိခဲ့တဲ့ ထိခိုက်မှုများအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပါရီအိုလံပစ်ခြေစစ်ပွဲ ပထမအကျော့တွင် မြန်မာအသင်း အီရန်ကို အရေးနိမ့်

ရန်ကုန် ဧပြီ ၅

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံး ပထမအဆင့်ခြေစစ်ပွဲ အုပ်စု (ခ) ပထမအကျော့အဖြစ် အီရန်အသင်းနှင့် မြန်မာအသင်းတို့ ဧပြီ ၅ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ အီရန်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အီရန်ကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့သဖြင့် ဒုတိယအဆင့် ခြေစစ်ပွဲတက်ရောက်ရန် ရှန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယအကျော့တွင် နှစ်ဂိုးနှင့်အထက် အနိုင်ရမှသာ နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖



မြန်မာအသင်းနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု (က) တွင် ကျရောက်

ရန်ကုန် ဧပြီ ၅

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဧပြီ ၅ ရက်က ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (က)တွင် ကျရောက်ခဲ့သည်။

**ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်**

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ဘရူနိုင်းမှလွဲ၍ အရှေ့တောင်အာရှ ၁၀ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂

## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဧပြီ ၅

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် အသင်းအရေအတွက် အများဆုံးယှဉ်ပြိုင်မည်ဖြစ်သည်။

**အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်**

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသည်။ အုပ်စု (က) တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မြန်မာ၊ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀/၃၃/၁၁ ကေဗွီ ၁၆၀ အမ်ဗွီအေ သာယာကုန်းပင်မဓာတ်အားခွဲရုံအား ဒရုန်းဖြင့် ဗုံးပစ်ချတိုက်ခိုက်မှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၅